# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 December 2021 ၁၀၅၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း (ဆူမားတြားမြောက်ပိုင်းကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားတွင် ဆက်လက်တည်ရှိနေသည်။ **မိုး/ဇလ**

# ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့ကို ဆက်သွယ်မည့် တွံတေးတူးမြောင်းကူးတံတား တည်ဆောက်



ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့ကို ဆက်သွယ်သွားလာနိုင်မည့် တွံတေးတူးမြောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့ကို ဆက်သွယ်မည့် တွံတေးတူးမြောင်းကူးတံတား တည်ဆောက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၁)မှ သိရသည်။

"ဒလဘက်ကမ်းမှာရှိတဲ့ ဖောင်ဒေးရှင်းလုပ်ငန်း ဘိုးပိုင်အမှတ် P 4 ကနေ P 7 အထိနဲ့ ကမ်းကပ်ခုံ A 2 အထိ ဆောင်ရွက်နေပါတယ်။ ဘိုးပိုင်စုစုပေါင်း အလုံး ၁၂၀ အနက်မှာ ဘိုးပိုင်အလုံး ၄၀ ပြီးစီးပြီဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မတ်လမှာ တံတားတည်ဆောက်ပြီးစီးဖို့ ရည်မှန်းထားပါတယ်။ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားကြီးမပြီးခင်မှာ ဆိပ်ကြီးခနောင်တိုတံတားကို ပြီးစီးအောင် တည်ဆောက်ဖို့ မျှော်မှန်းထားပါတယ်။ တံတားတစ်စင်းလုံးရဲ့ တည်ဆောက်ရေးလုပ်ငန်း၊ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်း ကုန်ကျတန်ဖိုးငွေကျပ် ၂၈ ဘီလီယံ ကုန်ကျမှာဖြစ်ပါတယ်"ဟု တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်စွာထွန်းက ပြောသည်။

"တံတားကြီးပြီးသွားရင် ဆိပ်ကြီးခနောင်တို တံတားသစ်ကြီးကနေ ဖြတ်သန်းမယ်၊ ပြီးရင် ဒလတံတားကြီးကနေ ဆက်လက်ဖြတ်သန်းသွားရင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪

## ယနေ့ ဖတ်စရာ




**လွတ်လပ်ရေးအနှစ်သာရ တန်းတူခံစား လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်**

ဆောင်းပါး စာမျက်နှာ » ၆

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ခရစ္စမတ်အကြို အခမ်းအနားကျင်းပ**

စာမျက်နှာ » ၉



**သာစည်မြို့နယ်၌ ဆောင်းနေကြာမျိုးစေ့ထုတ် စိုက်ကေ ၂၅ ကေ စိုက်ပျိုးဆောင်ရွက်ထားရှိ**

စာမျက်နှာ » ၁၁

**ပျောက်ဆုံးသွားလို့မဖြစ်တဲ့ အမျိုးသားရေးဂုဏ်သိက္ခာ ....**

ဆောင်းပါး စာမျက်နှာ » ၁၀

**အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်က ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ထက် လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား**

စာမျက်နှာ » ၁၃

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၈၀ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

# ကြေးမုံ

## လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့်တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးမှုစွမ်းအား၊ ညီညွတ်မှုစွမ်းအား၊ အမျိုးကိုချစ်သောစိတ်ဓာတ်၊ အမိမြေကိုချစ်သောစိတ်ဓာတ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောနိုင်ငံဖြစ်ပေသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ အေးချမ်းစွာဖြင့် ချစ်ခင်စည်းလုံးနေထိုင်ခဲ့ကြရာမှ ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပေသည်။

တိုင်းတစ်ပါးအုပ်ချုပ်မှုအောက်တွင် တိုင်းရင်းသားပြည်သူများ ရပ်တည်နေထိုင်ကြရာ၌ နယ်ချဲ့အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းဥပဒေများအောက်တွင် နယ်ချဲ့အလိုကျနေထိုင်ကြရသဖြင့် ဖိနှိပ်ချုပ်ချယ်မှုများ၊ လွတ်လပ်ခွင့်များ၊ လူ့အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့သော ကာလတစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများသည် အရင်းရှင်နယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့၏ အမျိုးမျိုးသော သွေးစုပ်ခြယ်လှယ်မှုကို ခံကြရသည်။ တိုင်းရင်းသားပြည်သူများသည် ဖိနှိပ်မှုကိုမခံနိုင်ဘဲ အမျိုးသားရေးစိတ်များ ထက်သန်လာခဲ့ကြသည်။ သူ့ကျွန်အဖြစ် နွံနစ်မခံသောစိတ်ဓာတ်များ နိုးကြားထက်သန်လာကြသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမျိုးသားခေါင်းဆောင်ကြီးများ၏ဦးဆောင်မှုဖြင့် စည်းလုံးမှု၊ ညီညွတ်မှု၊ အမျိုးကိုချစ်မြတ်နိုးမှု၊ အမိမြေကိုမြတ်နိုးတန်ဖိုးထားမှုတို့ဖြင့် နယ်ချဲ့လက်အောက်မှလွတ်မြောက်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ အသက်သွေးချွေးအမြောက်အမြား ရင်းနှီးပေးဆပ်ကာ အမိမြန်မာနိုင်ငံတော်ကြီး ပြန်လည်လွတ်မြောက်လာအောင် ကြိုးစားအားထုတ်ခဲ့ကြသည်။ အမျိုးသားခေါင်းဆောင်ကြီးများ၏ ထူးချွန်တောက်ပြောင်သော လက်ရုံးရည်၊ နှလုံးရည်ထက်သန်မှုများနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစည်းတလုံးတည်း လက်တွဲမဖြုတ်စတမ်းကြိုးပမ်းခဲ့ကြသောကြောင့် လုံးဝလွတ်လပ်သောနိုင်ငံတော်ကြီးအဖြစ်သို့ လက်ဝယ်ပိုင်ပိုင်ရရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် နှစ်ပေါင်းတစ်ရာကျော် ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်၍ စုစည်းညီညွတ်သော အင်အားကို ပြန်လည်တည်ဆောက်ပြီး ရယူခဲ့ရသော်လည်း စည်းလုံးညီညွတ်မှုပြိုကွဲကာ တိုင်းပြည်အင်အားချည့်နဲ့သောအခါ နိုင်ငံလွတ်လပ်ရေးသည် တစ်ခဏချင်း ဆုံးရှုံးခဲ့ရသည်ကို မြန်မာ့သမိုင်းတွင် အထင်အရှားတွေ့ရမည်ဖြစ်သည်။ အဓိကမှာ စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်ပြီး အင်အားတောင့်တင်းခိုင်မာသောတပ်မတော်သည် တိုင်းပြည်ကာကွယ်ရေးစွမ်းအားဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး တိုင်းတစ်ပါးလက်အောက် ကျွန်ဘဝမှလွတ်မြောက်ရန် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ လက်တွဲဝန်းရံ၍ လွတ်လပ်ရေးကို ရယူခဲ့ကြသည်။

လွတ်လပ်ရေးသည် ခရီးဆုံးပန်းတိုင်မဟုတ်ပေ။ လွတ်လပ်ရေးသည် ပြည်သူများစည်းလုံးညီညွတ်ပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးသောတိုင်းပြည်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာပြီး ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်ရေးသည် ရရှိပြီးသောလွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်တွင် မော်ကြွားသောနိုင်ငံအဖြစ် ဝင့်ထည်စွာရပ်တည်နိုင်ရေးဖြစ်သည်။ လွတ်လပ်ရေးရရှိသော်လည်း စည်းလုံးညီညွတ်မှုလျော့နည်းကာ တပ်မတော်အင်အားမရှိလျှင် တိုင်းပြည်ဖရိုဖရဲပြိုကွဲပြီး ရရှိပြီးသောလွတ်လပ်ရေးလည်း ပြန်လည်ဆုံးရှုံးသကဲ့သို့ တိုင်းတစ်ပါးလက်ဝေခံဘဝ၊ တိုင်းတစ်ပါး အမှီခိုခံဘဝသို့ ကျရောက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ "နွားကွဲလျှင်ကျားဆွဲမည်" ဆိုသကဲ့သို့ တိုင်းပြည်စည်းလုံးညီညွတ်မှု ပျက်ပြားပြီး ဝါးအစည်းပြေသကဲ့သို့ ဖြစ်နေလျှင် တိုင်းတစ်ပါးက ဝင်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခြယ်လှယ်ခြင်းကို ခံရမည်ဖြစ်သည်။

ထို့ကြောင့် ယနေ့တိုင်းရင်းသားပြည်သူအပေါင်းတို့၏ လက်ငင်းတာဝန်မှာ ပြည်ထောင်စုသားအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် သမိုင်းပေးတာဝန်မှာ အမိနိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် သာယာဝပြောသော လူ့ဘောင်ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားများက ပူးပေါင်းလက်တွဲဆောင်ရွက်ရန်တာဝန်ရှိပါသည်။ အကြမ်းဖက်အဖျက်သမား ချုပ်ငြိမ်းရေးအတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ကျွန်ုပ်တို့ ဘိုးဘေးဘီဘင်များက အချိန်ကာလရှည်ကြာစွာ အသက်၊ သွေး၊ ချွေးအမြောက်အမြား ရင်းနှီးပေးဆပ်ရယူခဲ့ကြရပါသည်။ ရရှိပြီးသောလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူများက ထမ်းဆောင်ကြရန် တာဝန်ရှိသည်။ သို့မှသာ လွတ်လပ်ရေးကို ရယူကြိုးပမ်းခဲ့ကြသော ကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်များအား ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြေပုံမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းက အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ်အတိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်

မြေပုံ ဒီဇင်ဘာ ၂၁

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်)က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးနှင့် ကိုဗစ်-၁၉ ကာလ ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို အထက(၁) ပညာတံခွန်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားပြည်သူများ တက်ရောက်ကြပြီး အသင်းသား ၁၂၈၅ ဦး၏ စုဆောင်းငွေကျပ် ၅၀၀ ဒသမ ၉၁ သန်းအပေါ် စုဆောင်းငွေပေါ်အတိုး ကျပ် ၃၀ ဒသမ ၀၀၅ သန်း ထုတ်ပေးခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားပြည်သူများအတွက်လည်း ထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ထုတ်ပေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၁၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၂၃ | ၁၉၃,၂၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၄၆၉ | ၁,၄၅၁,၇၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁၀ | ၁၉၅,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၂ | ၅,၉၀၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၀၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၇၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၅၂၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၆.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၃.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒီမိုကရေစီဝါဒကို ခေတ်စားအောင်လုပ်ရမယ်

ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ် ဩဂုတ်လ
စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၁) ကျင်းပ

### မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချနိုင်ရန် တရားမဝင်ဓာတုပစ္စည်းများ နယ်စပ်ဒေသမှဝင်ရောက်လာမှုကို တားမြစ်ထိန်းချုပ်နိုင်ရေးသည် ပိုမိုအရေးကြီးလာ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေသစ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်များရေးဆွဲဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိမှုကိန်းဂဏန်းများ နှစ်စဉ်များပြားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအထူး စစ်ဆင်ရေးများကို ယနေ့အချိန်ထိ ၃၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**၄၀၅ မက်ထရစ်တန်အထိ ကျဆင်းခဲ့**

အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှု နှစ်စဉ်ကျဆင်းလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဟက်တာ ၃၃၁၀၀ နှင့် ၂၀၂၀ ပြည့်နှစ်တွင် ဟက်တာ ၂၉၅၀၀ အထိ ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ၅၀၈ မက်ထရစ်တန်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၄၀၅ မက်ထရစ်တန်ထိ ကျဆင်းခဲ့ကြောင်း။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဘိန်း ၂ ဒသမ ၂ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၄ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ဒသမ ၃ သန်းကျော်၊ အိုက်စ် ၁၃ ဒသမ ၅ တန်ကျော်၊ ကတ်တမင်း ၇၆၂ ကီလိုအပါအဝင် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ်၉၄၇ဘီလီယံကျော်သိမ်းဆည်းရမိခဲ့ကြောင်း။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချနိုင်ရန် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးကဏ္ဍသည် အဓိကကျသည့်အတွက် တရားမဝင်ဓာတုပစ္စည်းများ နယ်စပ်ဒေသမှဝင်ရောက်လာမှုကို တားမြစ်ထိန်းချုပ်နိုင်ရေးသည် ပိုမိုအရေးကြီးလာကြောင်း။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ် - ၁၉ ရောဂါ သက်ရောက်မှုများကြောင့် ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးဈေးကွက်၊ သုံးစွဲမှုပုံစံ၊ ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုတို့အပေါ် စနစ်တကျ သုံးသပ်ပြီး သက်ဆိုင်သည့်ကဏ္ဍများအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကိုယ်စီတာဝန်ရှိသည်ဟူသော အသိဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်က မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြပြီး တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်၊ အကြံပြုချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီသုံးခု၊ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowserယာဉ်ဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း ခုနစ်တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ပြန်လည်လက်ခံရေးစခန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့သို့ ရောက်ရှိကြပြီး ပြည်နယ်အစိုးရဧည့်ရိပ်သာ၌ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောက်တစ်လုံး IDP စခန်းဖွင့်လှစ်ထားရှိမှု၊ ပြောင်းရွှေ့ဆောက်လုပ်မည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြောင်းရွှေ့နေရာချထားမည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေး၍ (ယာပုံ) ဌာနဆိုင်ရာများ၏ တင်ပြချက်၊ စခန်းနေသူများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး စခန်းနေသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် အမ်းမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိကာ ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် တိုက်ပွဲရှောင်စခန်းနေပြည်သူများနှင့် အမ်းမြို့ရှိ မိုးလုံလေလုံအားကစားခန်းမ၌ တွေ့ဆုံပြီး လတ်တလော ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ယာယီခိုလှုံရာ စခန်း သုံးခု၊ စုရပ် လေးခုရှိ စုစုပေါင်း အိမ်ထောင်စု ၆၈၉ စု၊ လူဦးရေ ၃၁၉၈ ဦးတို့အတွက် တစ်လစာဆန် ၉၉၉ အိတ်ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ပဲပဒိုတိုက်ပွဲရှောင်စခန်းနေ ပြည်သူများအား သွားရောက်တွေ့ဆုံပြီး မိမိနေရပ်သို့ အမြန်ဆုံး ပြန်လည်အခြေချနိုင်ရေးအတွက် လိုအပ်ချက်ရှိသည်များကို အကောင်းဆုံး ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမ်းမြို့နယ် အမ်းတောင်ကျေးရွာအုပ်စုရှိ တိုက်ပွဲရှောင်စခန်း တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကုတ်မြို့ရှိ ရွှေမေတ္တာဘိုးဘွားရိပ်သာနှင့် မဟော်သဓာ အခမဲ့ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ ရောက်ရှိပြီး အဘိုးအဘွား ၄၁ ဦးအတွက် လှူဒါန်းငွေများ၊ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် သံတွဲမြို့သို့ရောက်ရှိပြီး ရွှေဆံတော်စေတီရင်ပြင်ပေါ်၌ ဓမ္မာရုံသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် သံတွဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီများအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

၂၀၂၁ ခုနှစ် ဧပြီလမှ ယနေ့အထိ နယ်မြေတည်ငြိမ်အေးချမ်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းနေ တိုင်းရင်းသားအိမ်ထောင်စု ၃၈၅၈ စု၊ လူဦးရေ ၁၆၇၁၇ ဦးတို့ကို မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ – တောင်ကြီး– ကျိုင်းတုံ – တာချီလိတ်လမ်း (မိတ္ထီလာ – တောင်ကြီး) အပိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် (မိတ္ထီလာ– တောင်ကြီး)အပိုင်း မိုင်တိုင်အမှတ် (၆၂ / ၂ နှင့် ၆၂/ ၃)အကြား နှစ်ထပ်လမ်းကွေ့နေရာတွင် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ Mini Bored Pile တူး၍ မြေကာနံရံတည်ဆောက်ပြီး လမ်းသားချဲ့ထွင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ခရီးသွားပြည်သူများ လမ်းပိတ်ဆို့မှုမရှိစေရေးနှင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်း ပြည့်မီစွာပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကလောမြို့တွင်းလမ်းဖြစ်သည့် စစ်ဦးစီးတက္ကသိုလ်အဝင်လမ်းအား မူလကျောက်ကတ္တရာလမ်း ၁၂ ပေမှ ကတ္တရာကွန်ကရစ် AC လမ်း ၁၈ ပေအဖြစ် တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းက ကလောမြို့ အရှေ့မြို့ပတ်လမ်းနှင့် အနောက်မြို့ပတ်လမ်းတို့အား ကတ္တရာထပ်ပိုးလွှာ ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးသည် ကလောမြို့ အရှေ့မြို့ပတ်လမ်းနှင့် အနောက်မြို့ပတ်လမ်းတို့၏ လမ်းအခြေအနေနှင့် ထပ်ပိုးလွှာဆောင်ရွက်မည့် အခြေအနေတို့ကို မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ပဉ္စမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ



မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်–၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း လွတ်လပ်စွာ စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၂၅၁) မှ (၅၀၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၅ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာပြီး ယနေ့ပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၅၀၁) မှ (၇၈၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ပြည်တွင်း/ပြည်ပရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် (၅၀၁) မှ (၇၈၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဒီဇင်ဘာ ၂၂ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၇၈၀ ကို ပြည်တွင်း/ ပြည်ပရတနာကုန်သည်များ စိတ်ကြိုက်လေ့လာ ဝယ်ယူနိုင်စေရန် ခင်းကျင်းပြသပေးခဲ့ပြီး ပြပွဲ ဒုတိယနေ့မှ စတင်၍ ပုလဲအတွဲအမှတ် (၁) မှ (၂၂၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၀ ကို လည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲအမှတ် (၂၂၁) မှ (၃၃၀) အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၁၁၀ နှင့် ကျောက်စိမ်းအတွဲအမှတ် (၁)မှ (၂၅၀) အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၉ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**သတင်း – အေးအေးဝင်း**
**ဓာတ်ပုံ – ကိုကိုနော်**

## တိုင်းပြည်အတွက် များစွာနစ်နာ

**မိမိတို့နိုင်ငံတွင် ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအတွင်းရှိ ဆေးတက္ကသိုလ်များမှ မွေးထုတ်ပေးခဲ့သည့် ဆရာဝန်များ ၃ သောင်းကျော်ရှိသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ ၁ သောင်းခန့်သာရှိသည့်အတွက် ထက်ဝက်ပင်မရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါ ဆရာဝန်များသည် ယခုအခါ အသက်အားဖြင့် ၅၅ နှစ်ဝန်းကျင်သာရှိမည်ဖြစ်၍ နိုင်ငံ့တာဝန်ကို ကောင်းစွာထမ်းဆောင်နိုင်သည့် အရွယ်များပင် ဖြစ်သော်လည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်မှုမပြုသဖြင့် တိုင်းပြည်အတွက် များစွာနစ်နာရကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်နှင့် ပြည်သူအတွက် အမှန်တရားကိုဖော်ဆောင်နေခြင်းဖြစ်၍ နုပျိုသစ်လွင်သော ဌာနတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ (၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြု "တူယှဉ်နွှဲပျော် ဂီတပွဲ တော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(၈)တွင် ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ကိုးဦးအား တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အထူးအစီအစဉ်တစ်ခုဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ "တူယှဉ်နွှဲပျော်ဂီတပွဲတော်" တေးသီချင်းသီဆိုပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်သူများ၏ စိတ်မွန်းကျပ်မှုများကို ပြေပျောက်စေလိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပဖျော်ဖြေပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲတွင် မိမိတတ်ကျွမ်းသည့်အနုပညာဖြင့် ဖော်ထုတ်ယှဉ်ပြိုင်ကြရန်၊ ပြိုင်ပွဲ၏အနှစ်သာရကို မပျောက်ပျက်စေဘဲ ပြိုင်ပွဲဝင်များအနေဖြင့် ဂုဏ်သိက္ခာရှိစွာ ကြိုးစားယှဉ်ပြိုင်ကြစေလိုပါကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(ဘီ)နှင့် စတူဒီယို(ဒီ)တို့၌ ဒီဇင်ဘာ ၂၄ ရက်(သောကြာနေ့)တွင် ပြဋ္ဌာန်းတေးသီချင်းများ သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏ အကြိုလေ့ကျင့်သီဆိုနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (အေ)၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူလူထုကို မီဒီယာနည်းလမ်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူသည့်ရည်ရွယ်ချက်များဖြင့် ပြည်သူကို အလုပ်အကျွေးပြုလျက်ရှိသည့် နိုင်ငံတော်အတွက် အရေးပါသောဌာနတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက်အမှန်တရားကို ဖော်ဆောင်နေခြင်းဖြစ်၍ နုပျိုသစ်လွင်သော ဌာနတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ လုပ်ချင်သည်ထက်လုပ်သင့်သည်ကို၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ထမ်းများအနေဖြင့် တာဝန်ကိုထမ်းဆောင်ရာတွင် လေးနက်သော အတွေးအခေါ်များဖြင့် ထမ်းဆောင်ကြစေလိုပါကြောင်း၊ မိမိဝန်ထမ်းများ၏ တာဝန်ကျေပွန်မှုများအပေါ် လေးစားအသိအမှတ်ပြုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် လုံခြုံရေးအထူးဂရုပြုကြရန်နှင့် လုပ်ငန်းများ အောင်မြင်ပြီး တိုးတက်သော ဌာနကြီးတစ်ခုဖြစ်လာရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးကန်တော့ခံများအား အိမ်တိုင်ရာရောက်ကန်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ပြုလုပ်မည့် နှစ်ဦးအလှူအား အခမ်းအနားအနေဖြင့် မကျင်းပတော့ဘဲ အမှုဆောင်များကိုယ်တိုင် အိမ်တိုင်ရာရောက် လိုက်လံကန်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Incubator အခု ၂၀၊ ဆေးဝါးမျိုးစုံ ၅၄ မျိုး စုစုပေါင်း (၄၈၅၅၀ ဒသမ ၁၄ ကီလိုဂရမ်)၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ) တွင် ကုမ္ပဏီငါးခုတို့မှ Sodium Chloride Injection အခု ၉၉၉၀၊ Glucose Injection ၇၁၅၂ ခု၊ SAI VC Injection အခု ၂၀၄၀၀၊ PAI Cetrizine Tablet အခု ၁၃၂၀၀၊ နှာခေါင်းစည်း ၇၃၀၀ ကီလိုဂရမ်၊ SAI P Pen Powder For Injection အခု ၁၀၀၄၀၊ အောက်ဆီဂျင်အရည် ၁၅၃၃၈ ကုဗမီတာ၊ PAI Diclo Injection ၁၀၁၁၂ ခု၊ Disposable Syringe ၉၅၅၂ ခု၊ Infusion Set အခု ၁၃၆၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ရန်ကုန်မြို့လယ်ကောင် ဆူးလေကို မိနစ် ၂၀ အတွင်းမှာ ရောက်ရှိမှာဖြစ်ပါတယ်၊ ပြည်သူလူထုရဲ့ နေ့စဉ်လူနေမှုဘဝတွေအားလုံးကို လုံခြုံစိတ်ချစွာနဲ့ အန္တရာယ်ကင်းကင်း၊ ရာသီဥတုမရွေး ၂၄ နာရီ ကူးသန်းသွားလာနိုင်တော့မှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ကိုရီးယား - မြန်မာ ချစ်ကြည်ရေး ဒလတံတားကြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့သို့ ဆက်သွယ်ထားသည့် တွံတေးတူးမြောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့သို့ ဆက်သွယ်ပေါင်းကူးတည်ဆောက်မည့် တွံတေးတူးမြောင်းကူး တံတားအမျိုးအစားမှာ သံမဏိ သံပေါင်တံတား၊ နှစ်လမ်းသွားဖြစ်ပြီး တံတားအရှည် မီတာ ၇၄၀၊ အကျယ် ၁၀ မီတာ၊ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းအရှည် ၂၅၄၂ ပေရှိပြီး စုစုပေါင်းငွေကျပ် ၂၈ ဘီလီယံ ကုန်ကျမည်ဖြစ်ကာ ဂျပန်နိုင်ငံ၌ နောက်ဆုံးတည်ဆောက်နေသော တံတားဒီဇိုင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁)က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ပြီး နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁)မှ သိရသည်။

**သတင်း-သုတ**

**ဓာတ်ပုံ-တံတားတည်ဆောက်ရေး အဖွဲ့(၁)**

■

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးအနှစ်သာရ တန်းတူခံစား လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်

ငြိမ်းချမ်းမောင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးကြီးများအနက် "လွတ်လပ်ရေးနေ့" သည် အထူးမြတ်ဆုံးနေ့တစ်နေ့ဖြစ်ပါသည်။

- နယ်ချဲ့ကိုလိုနီအုပ်ချုပ်ခံဘဝမှ လွတ်မြောက်ခဲ့သည့်နေ့၊
- ကမ္ဘာတွင် အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံအဖြစ် စတင်ရပ်တည်ခဲ့သည့်နေ့၊
- နှစ်ပေါင်းတစ်ရာကျော် ဖိနှိပ်ခံဘဝကျရောက်ခဲ့ရာမှ ပထမဆုံးစတင်လွတ်မြောက်သောနေ့။

ယင်းအကြောင်းသုံးချက်ကြောင့် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် အခြားသောနိုင်ငံရေး၊ လူမှုရေး နေ့ကြီးရက်ကြီးများထက် သမိုင်းဝင်၊ သမိုင်းတွင်သည့် ပိုမိုထူးမြတ်သည့် နေ့ကြီးရက်ကြီးဖြစ်ပါသည်။ နှစ်ပေါင်းတစ်ရာကျော် တိုင်းတစ်ပါးကျွန်ဘဝ ကျရောက်ခဲ့ရသော မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်ကြေညာခဲ့၍ ထိုနေ့ထိုရက်ကို "လွတ်လပ်ရေးနေ့" ဟူ၍ ဂုဏ်ပြုခဲ့သည်။

လွတ်လပ်ရေးနေ့သည်ကား မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအားလုံးတို့ အရေးကြုံလျှင် သွေးချင်းဆုံ၍ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စည်းတည်း၊ တစ်လုံးတည်း၊ တစ်ညီတည်း၊ တစ်ညွတ်တည်းဖြစ်တည်သော မျိုးချစ်စိတ်ဓာတ်ကို အခြေခံလျက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲအဆင့်ဆင့်ကို တိုက်ခိုက်တွန်းလှန်ဆင်နွှဲခဲ့ကြသည့် အောင်ပွဲခံ၊ အောင်ပွဲဝင်မော်ကွန်းတင်သည့်နေ့ကြီးဖြစ်သည်။

## ခါးသီးသောဆိုးမွေ

ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် တစ်ထီးတစ်နန်း၊ တခမ်းတနားနေထိုင်လာခဲ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဗြိတိသျှနယ်ချဲ့တို့က ၁၈၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲပြီးနောက် မြန်မာနိုင်ငံအား ကိုလိုနီနိုင်ငံအဖြစ် သွတ်သွင်းခဲ့သည်။ ဤအဖြစ်ဆိုး၊ ကြမ္မာဆိုးကြီးသည် ထိုစဉ်က ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံးအတွက် အခါးသီးဆုံးသော ဆိုးမွေများဖြစ်သည်။

မြန်မာနိုင်ငံသားတို့သည် အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း ဒူးမထောက်၊ လက်မမြှောက် ခေါင်းငုံ့မခံခဲ့ကြပါပေ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့သည် တောင်ပေါ်မြေပြန့်နေရာအနှံ့တွင် သူ့ကျွန်မခံ၊ အလံမလှဲစတမ်း ရရာလက်နက်ကိုင်စွဲ၍ တိုက်ပွဲအလီလီဆင်နွှဲခဲ့ကြသည်။ ၁၈၈၅ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ မြန်မာမျိုးချစ်သူရဲကောင်းများ၏ လက်နက်ကိုင်တိုက်ပွဲများသည် နိုင်ငံတစ်ဝန်းဒေသအနှံ့တွင် သောသောညံခဲ့သည်။ သို့သော် အားမတန်၍ မာန်လျှော့ရပြန်သည်။

## နယ်ချဲ့ဆန့်ကျင်ရေး

၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ်ဘီအေ) အသင်းကြီး စတင်ထူထောင်လိုက်ခြင်းသည် တိမ်မြုပ်နေသောမျိုးချစ်စိတ် ပြန်လည်နိုးထလာသည်။ မြန်မာအသင်းများ၏ မြန်မာ့အသင်းချုပ်ကြီး (ဂျီစီဘီအေ) ကို ဖွဲ့စည်းကာ အမျိုးသားနိုင်ငံရေးစိတ်ဓာတ်များ၊ တိုင်းရင်းသားပြည်သူတို့၏ ဝံသာနုစိတ်ဓာတ်များဖြင့် စည်းရုံးလှုပ်ရှားကာ နယ်ချဲ့တို့ကို အဘက်ဘက်မှ ထိုးနှက်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမအကြိမ် ကျောင်းသားသပိတ်ကြီး၊ ၁၉၃၀ ပြည့်နှစ်တွင် တောင်သူလယ်သမားတော်လှန်ရေးကြီး၊ ၁၉၃၆ ခုနှစ်တွင် ဒုတိယအကြိမ် ကျောင်းသားသပိတ်ကြီး၊ ၁၉၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြီး စသည်တို့သည် တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားထုလူတန်းစားများနှင့် မြန်မာတိုင်းရင်းသားမျိုးချစ်လူငယ်အလွှာမျိုးစုံတို့ အဆင့်ဆင့်လှုပ်ရှားတော်လှန်ခဲ့ကြသော နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းဝင်လှုပ်ရှားမှုများဖြစ်သည်။

ထို့နောက် ဘီအိုင်အေ - ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဘီဒီအေ - ဗမာ့ကာကွယ်ရေးတပ်မတော်၊ ပီဘီအက်ဖ် - မျိုးချစ်ဗမာ့တပ်မတော်တို့ကို ဗိုလ်ချုပ်အောင်ဆန်း ဦးစီးဖွဲ့စည်းတည်ထောင်ကာ ဗြိတိသျှနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ ထို့နောက် ဖက်ဆစ်တို့အား ရဟန်းရှင်လူပြည်သူများနှင့်အတူ လက်တွဲတွန်းလှန်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တိုင်းရင်းသားပြည်သူများအား စည်းရုံးလှုပ်ရှားကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစွာသက်သေထူခဲ့သည့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။

## လွတ်လပ်ရေးကိုရယူခဲ့

ထိုသို့ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်သော စွမ်းပကားများဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် သမိုင်းတွင် သမိုင်းဝင်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံကို လက်ဝယ်ပိုင်ပိုင်နိုင်နိုင် ပြန်လည်ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် ခေတ်အဆက်ဆက်မှ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမျိုးဂုဏ် ဇာတိဂုဏ် မပျောက်ပျက်စေရန် မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ နိုင်ငံချစ်စိတ်ဓာတ်ရှိသူများက တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ လွတ်လပ်ရေးကို မရအရ ရယူပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့က ဂျပန်နိုင်ငံတွင် စစ်ပညာကို အပင်ပန်းအဆင်းရဲခံသင်ယူပြီး ကျူးကျော်သူနယ်ချဲ့တို့ကို တွန်းလှန်းကာ လွတ်လပ်ရေးကို ရယူခဲ့ကြသည်။

လွတ်လပ်ရေးသည် ပြီးဆုံးသွားသောကိစ္စမဟုတ်ပေ။ ရရှိပြီးသော လွတ်လပ်ရေးကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြရသည့် တာဝန်များရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ အရင်းရှင်ပါလီမန်ဒီမိုကရေစီစနစ်နှင့်အတူ အာဏာရနိုင်ငံရေးပါတီများအတွင်း ဂိုဏ်းဂဏကွဲပြားမှုများ ဖြစ်ပေါ်လာသောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ယိုယွင်းပျက်ပြားလာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ပေးခဲ့သော လွတ်လပ်ရေးရည်မှန်းချက်များ ပျောက်ကွယ်မှေးမှိန်ခြင်းဖြစ်ခဲ့ရုံမက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမည့်အန္တရာယ် ပေါ်ပေါက်လာသောကြောင့် တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရသည်။

စာမျက်နှာ ၇ သို့

**ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ခေါင်းဆောင်အချင်းချင်း ညီညွတ်မှုမရှိဘဲ ပြည်ပအားကိုးပြီး သူတစ်လူငါတစ်မင်းဖြစ်နေသော ကာလမျိုးတွင် တိုင်းပြည်အင်အားကျဆင်းပြီး နှစ်ပေါင်းထောင်ချီ တည်ထွန်းခဲ့သည့် လွတ်လပ်ရေးဆုံးရှုံးခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရခြင်းသည် သင်ခန်းစာယူဖွယ်ရာများဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့သောကာလမှစ၍ လွတ်လပ်ရေးရရှိပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့် ကာလများအတွင်း နိုင်ငံအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ခဲ့ရသည့် သမိုင်းကြောင်းများကို ထုတ်ဖော်အသိပေးနိုင်မှသာ နောင်လာမည့်မျိုးဆက်များအနေဖြင့် လွတ်လပ်ရေး၏အနှစ်သာရကို သိရှိနားလည်ပြီး နိုင်ငံတော်ကို ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သည့်စွမ်းအားများရရှိမည်**

❑ စာမျက်နှာ ၆ မှ

**လမ်းကြောင်းမှန်ပေါ်သို့**

ထို့နောက် နိုင်ငံတော်ကို ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြင့် တည်ဆောက်ခဲ့ရာတွင် တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့သဖြင့် ပြည်တွင်းစီးပွားရေးကျဆင်း ကျပ်တည်းလာချိန်တွင် ပြည်တွင်း၊ ပြည်ပ ပယောဂ များပူးကပ်မှုကြောင့် ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ပျက် အခြေအနေဆိုးများနှင့် ကြုံတွေ့လာခဲ့သည်။ တိုင်းပြည်အခြေအနေ အလွန်ဆိုးရွားလာသောအခါ တိုင်းပြည်အန္တရာယ်မကျရောက်စေရန် တပ်မတော် သည် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့သည်။ ထို့နောက် တပ်မတော်သည် တိုင်းပြည်ကို ပြည်သူများလိုလားသည့် ဒီမိုရေစီ လမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ပြီး ဒီမိုကရေစီ တတိယအကြိမ် သက်တမ်းအရောက်တွင် မဲမသမာမှုများကို ရည်ရွယ်ချက်ရှိရှိ မရိုးမသား ပြုလုပ်လာသောကြောင့် ဒီမိုကရေစီလမ်းကြောင်း မှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံ့တာဝန် ကို မလွှဲသာမရှောင်သာ ယူခဲ့ရပြန်သည်။

တပ်မတော်သည် နိုင်ငံ့တာဝန်ကို ရယူ ပြီးနောက် နိုင်ငံတော်နှင့်ပြည်သူတို့ကို ခြိမ်းခြောက် နှောင့်ယှက် အန္တရာယ်ပေးလာသော ဆူပူလှုပ်ရှား အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ကြသည့် အကြမ်း ဖက်အဖျက်သမားများကို ရှင်းလင်းဖယ်ရှားလျက် ရှိသည်။ လက်ရှိကာလတွင် လူသားများ၏အခြေခံ အကျဆုံး အခွင့်အရေးတစ်ရပ်ဖြစ်သော အသက် ရှင်သန်ခွင့်ကို ခြိမ်းခြောက်လျက်ရှိသည့် ကိုဗစ်- ၁၉ ကပ်ရောဂါဘေးမှ လျော့ပါးသက်သာကင်းဝေး စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မည်သူ့ကိုမျှ ခွဲခြားချန်လှပ်ခြင်း မရှိဘဲ ပြည်သူများ တန်းတူညီမျှ ကာကွယ်ဆေး ထိုးနှံခွင့်ရရှိရေးအတွက် အဓိကဦးစားပေးအစီအစဉ် တစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများ၏စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့် အလမ်းနှင့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးကုစား နိုင်ရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ရှေ့လုပ်ငန်းစဉ်တစ်ရပ် ချမှတ် ဆောင်ရွက်လျက်ရှိသည်။

**သာတူညီမျှရရှိခံစားရေး**

ပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေး မှု အခွင့်အရေးများ အပြည့်အဝခံစားရရှိပြီး ပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကျသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ် သည်။ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) ပါ သဘောတူညီချက်များကို အလေး ထား အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်း သားညီအစ်ကို မောင်နှမများအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသီးအပွင့်များကို သာတူညီမျှရရှိ ခံစားနိုင်ရေး အတွက် မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။



မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

တိုင်းပြည်တွင် ပေါ်ပေါက်လာသော အန္တရာယ် အမျိုးမျိုးကြောင့် ပြည်ထောင်စုမပြိုကွဲရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ မပျက်စီးရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်၏တာဝန် ဖြစ်သည်။ ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ် ကို လမ်းကြောင်းမှန်မှန် လျှောက်လှမ်းနိုင်ရေးအတွက် ထိန်းကျောင်းတည့်မတ်ပေးရန်လည်း တာဝန်ရှိ သည်။ နိုင်ငံတော်အင်အားရှိမှ၊ တိုင်းရင်းသားပြည်သူ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိမှ၊ စနစ်တကျဖွဲ့စည်းထားသော ခေတ်မီတပ်မတော်ရှိမှ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ မည်ဖြစ်သည်။ တိုင်းပြည်အင်အား တောင့်တင်းမှ နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးလာမည်ကို ပြည်သူ အပေါင်းတို့ သိရှိနားလည်ကြရန် လိုအပ်သည်။ ပြည်သူများစည်းလုံးညီညွတ်မှုရှိပြီး စနစ်တကျ ဖွဲ့စည်းထားသော ခေတ်မီတပ်မတော်ရှိမှသာလျှင် နိုင်ငံတော်အင်အား တောင့်တင်းခိုင်မာမည်။

**ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး**

ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ခေါင်းဆောင်အချင်းချင်း ညီညွတ်မှုမရှိဘဲ ပြည်ပ အားကိုးပြီး သူတစ်လူငါတစ်မင်း ဖြစ်နေသော ကာလမျိုးတွင် တိုင်းပြည်အင်အားကျဆင်းပြီး နှစ်ပေါင်းထောင်ချီ တည်ထွန်းခဲ့သည့် လွတ်လပ် ရေးဆုံးရှုံးခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရခြင်းသည် သင်ခန်း စာယူဖွယ်ရာများဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ သဖြင့် ခါးသီးသောအတွေ့အကြုံများကို နောင်မျိုး ဆက်တို့ သိရှိနားလည်ကြရန် လိုအပ်သည်။ ထို့ကြောင့် သင်ခန်းစာယူစရာ မြန်မာ့သမိုင်း ကြောင်းများကို အမြဲဖော်ထုတ်ပေးရန်လိုအပ် သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့သောကာလမှစ၍ လွတ်လပ်ရေးရရှိပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရ သည့်ကာလများအတွင်း နိုင်ငံအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ခဲ့ရသည့် သမိုင်းကြောင်းများကို ထုတ်ဖော်အသိပေးနိုင်မှသာ နောင်လာမည့် မျိုးဆက်များအနေဖြင့် လွတ်လပ်ရေး၏အနှစ် သာရကို သိရှိနားလည်ပြီး နိုင်ငံတော်ကို ကိုယ်ပိုင် အသိစိတ်ဓာတ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် စွမ်းအားများ ရရှိမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါလျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် တပ်မတော်သည် ပြည်သူ များနှင့် တစည်းတလုံးတည်းလက်တွဲပြီး ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသော အခါ ဖြစ်ပေါ်လာသည့် ပြည်တွင်း/ ပြည်ပအန္တရာယ် များကို တွန်းလှန်ဖယ်ရှားရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ် လမ်းကြောင်းမှန်စွာ တည့်မတ်ခိုင်မာရေး စသည်တို့ကို ဦးလည်မသုန် ထမ်းရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်နေခြင်း သည် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင် နေခြင်းဖြစ်သည်။ လွတ်လပ်ရေးကို အရယူပေးခဲ့ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ပေးနေခြင်းဖြစ်သည်။ လွတ်လပ်ရေး၏အနှစ်သာရ ခံစားရရှိနိုင်ရေးနှင့် လွတ်လပ်ရေးကို ကာကွယ် စောင့်ရှောက်ရေးအတွက် အားလုံးအတူလက်တွဲ ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။




## (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန် အနောက်ပိုင်းခရိုင်တွင် ပညာရေးဌာနက ကြီးမှူးကျင်းပ သော ခရိုင်အဆင့် (၇၅) နှစ် မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီတွင် အမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်း (လသာ) မြညီလာခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် အထက် တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၁ ဦး၊ အလယ်တန်းအဆင့် စာစီ စာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၁ ဦး၊ အလယ်တန်း အဆင့် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၃ ဦး စုစုပေါင်း ၁၉၇ ဦး ပါဝင်ယှဉ်ပြိုင် ကြကြောင်း သိရသည်။

ပြိုင်ပွဲများတွင် ခရိုင်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ အထက် တန်းကျောင်း ၅၀၊ အလယ်တန်း ကျောင်း ၄၄ ကျောင်းနှင့် မူလတန်း ကျောင်း ၁၂၃ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အထက် တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိမည့် ကျောင်းသား ကျောင်းသူ များသည် တိုင်းဒေသကြီး အဆင့် ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်တွင် အထက (၂) လသာ ၌ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များ နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

ခရိုင် (ပြန်/ဆက်)



# ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများနှင့် ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ၌ ပြည်သူများအနေဖြင့် ကုန်ကျစရိတ် များပြားနေသဖြင့် သင့်လျော်သည့် ဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးစေလို



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် ဒေါက်တာသီတာလှ (ဆေးရုံအုပ်ကြီး/ ကုသရေး)၊ ဒေါက်တာထွန်းမင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ နောက်ထပ်လှိုင်းအတွက် ကြိုတင်ပြင်ဆင်ရာတွင် ယခင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် စတင်ဝင်ရောက်သည့်အချိန်တွင် ရောဂါပြန့်ပွားမှုမြန်ဆန်ခဲ့သော်လည်း ပြင်းထန်မှုသိပ်မရှိခဲ့ကြောင်း၊ သို့ရာတွင် ကူးစက်မှုမြန်ဆန်ပြီး လူအများစုတွင် ရောဂါလက္ခဏာများ စတင်ပြသပြီးနောက် ရောဂါပြင်းထန်မှုမှာလည်း မြင့်တက်လာခဲ့ကြောင်း၊ ထို့အပြင် သက်ကြီးမိဘ၊ ဘိုးဘွားများ၊ ရောဂါအခံရှိသူများတွင် ရောဂါပြင်းထန်လာခဲ့ပြီး သေဆုံးမှုများကိုလည်း ဝမ်းနည်းစဖွယ်ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအချိန်အထိ နိုင်ငံတကာအတွေ့အကြုံနှင့် အချက်အလက်များမှတစ်ဆင့် ရရှိသောအချက်အလက်၊ ကိန်းဂဏန်းများအရ အိုမီခရွန်မျိုးစိတ်သည် ရောဂါပြန့်ပွားမှုမြန်သော်လည်း ရောဂါပြင်းထန်မှုမရှိကြောင်း၊ အောက်ဆီဂျင်လိုအပ်မှုလည်း နည်းသည်ဟု သိရှိရပါကြောင်း၊ အဓိကအားဖြင့် တတိယလှိုင်းတွင် ကြုံတွေ့ခဲ့ရသည့် လူနာများ ဆေးရုံတက်ရောက်ကုသရေးဆိုင်ရာ သတင်းအချက်အလက်ပေးမှု အားနည်းချက်ရှိခြင်း၊ လူနာများညွှန်းပို့ရန် ခက်ခဲခြင်း၊ အောက်ဆီဂျင်လိုအပ်သလောက်မရရှိခြင်း၊ ဆေးများသိုလှောင်၍ ဈေးတင်ရောင်းချမှုများရှိခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု လိုအပ်သလောက်မရရှိခြင်းတို့ကို ကြုံတွေ့ခဲ့ရသဖြင့် အဆိုပါအချက်များကို အလေးထားကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့ပြီး ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ဆောင်ရွက်လျက်ရှိသည့် Quarantine Procedure များကို စည်းကမ်းချက်များ တိကျစွာလိုက်နာစေရန် ဆွေးနွေးသည်။

ယင်းနောက် ဆေးရုံအုပ်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဆရာဝန်၊ ဆရာမများ လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နိုင်မှုအခြေအနေ၊ ဆေးရုံများရှိ ဆေးကုသဆောင်များ ဖွင့်လှစ်နိုင်မှုအခြေအနေ၊ Oxygen Plant၊ Liquid Oxygen၊ Oxygen Cylinder များရရှိ၊ သုံးစွဲနိုင်မှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ နောက်ထပ်လှိုင်းအတွက် ICU/HDU/ Isolation Ward များ ကြိုတင်ပြင်ဆင်ထားနိုင်မှု အခြေအနေ၊ COVID နှင့် Non-COVID လူနာများအား လက်ရှိကုသပေးနိုင်မှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များကို ပြန်လည်ဆွေးနွေးပြီး ဖြည့်ဆည်းပေးရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါသောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်း၌ ပုဂ္ဂလိကဆေးရုံများ၊ ဓာတ်ခွဲခန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဖြေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိက ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Vaccine Management Information System ၌ စနစ်တကျ စာရင်းသွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများနှင့် ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ၌ ပြည်သူလူထုအနေဖြင့် ကုန်ကျစရိတ်များပြားနေသည့်အတွက်ကြောင့် သင့်လျော်သည့် ဈေးနှုန်းများဖြင့်လည်း ဆောင်ရွက်ပေးစေလိုကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းလိုင်စင်များ အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးရာတွင်လည်း တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ တာဝန်ရှိသူများက လက်ရှိကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ပြင်ဆင်မှုများအကြောင်း ညှိနှိုင်းဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်သော လမ်းညွှန်မှုများ၊ ပေါင်းစပ်ပေးမှုများ ပြုလုပ်ခဲ့သည်။ **သတင်းစဉ်**

# ဝန်ထမ်းများအနေဖြင့် ကျရာနေရာမှ ပါဝင်နိုင်ရေး တစ်ဦးတစ်ယောက်မှသည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် တက်ကြွဂုဏ်ယူစွာ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျောက်ဖြူမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခံရိပ်သာတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်သွားမည့်အခြေအနေနှင့် အဆိုပါလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် ကျရာနေရာမှ ပါဝင်နိုင်ရေး တစ်ဦးတစ်ယောက်မှသည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် တက်ကြွဂုဏ်ယူစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမ်းမြို့ မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၂၀ ရက်တွင် အမ်းမြို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသော အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်လေ့လာခဲ့ပြီး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ အိမ်တွင်းမှု အတတ်ပညာများ သင်ကြားပို့ချနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့သို့ ရောက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်းဆောက်လုပ်မည့်မြေနေရာနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သံတွဲမြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်မည့်မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သံတွဲခရိုင်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သံတွဲခရိုင်ဦးစီးမှူးရုံး ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံသို့ရောက်ရှိပြီး သိုလှောင်ရုံထိန်းသိမ်းရေးလက်စွဲအတိုင်း ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးနှင့် ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကင်းမြို့နယ် (၈) ရပ်ကွက် နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်အိမ်ရာဝင်းအတွင်း ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန်အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ဈေးသို့သွားရောက်ရန်မလိုဘဲ နေအိမ်အနီး အလွယ်တကူဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် (၉) ရပ်ကွက် နှင်းဆီလမ်းရှိ ဆည်မြောင်းချောင်းအတွင်း အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဆည်မြောင်းချောင်း၏ ဝဲ/ယာတွင် မြေထိန်းနံရံပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃလမ်းရှိ ကျိုက္ကဆံချောင်းကူးတံတား(မာဃ)၌ တံတားချဉ်းကပ်လမ်းနှင့် တံတားအောက်ခြေချောင်းစပ်တွင် အမြင်မတင့်တယ်သော မြေကြီးပုံများနှင့် မြက်ချုံများ ရှင်းလင်းရန်၊ ချောင်းအတွင်း အမှိုက်များ၊ နုန်းများကို ဆယ်ယူရှင်းလင်းရန်၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ (တပ်ရင်းရုံး)ရှေ့လမ်းနှင့် တစ်ဆက်တည်း ကွန်ကရစ်ခင်းကျင်းရန်နှင့် တံတားချဉ်းကပ်လမ်းဝဲ/ယာ သန့်ရှင်းသပ်ရပ်ရေး မြေယာရှုခင်း ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း ခုနစ်ပင်လိမ်ချောင်းနှင့် ကားလမ်းအကြား အမှိုက်များ ရှင်းလင်းနေမှုနှင့် ချောင်းကူးတံတား တစ်စင်း ထပ်မံတည်ဆောက်နိုင်ရေး မြေနေရာရွေးချယ်ထားမှုတို့ကို လည်းကောင်း၊ တာမွေယာယီဈေး၌ ဈေးအတွင်း ဈေးရောင်း/ဈေးဝယ် ပြည်သူများ ကျန်းမာရေးဝန်ကြီးဌာန၏ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ် ဖောက်ကားနေမှု၊ ဈေးသစ်တည်ဆောက်ရေးအတွက် ယာယီဈေးရုံတွင် နေရာချထားမှုနှင့် ဈေးအတွင်း နို့ဈေးရုံတို့ကို လည်းကောင်း၊ ဈေးမြောက်ဘက်ရှိ ဝန်ထမ်းလိုင်းခန်းများနှင့် မိုးမချောင်း မြေထိန်းနံရံတည်ဆောက်ထားမှုတို့ကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် ပါရမီလမ်းပေါ်ရှိ အင်းလျားကန် ရေဝင်ပေါက်ရေမြောင်းနှင့် ရေစစ်ကန် ပြန်လည်ပြုပြင်တည်ဆောက်ထားမှုကို လည်းကောင်း၊ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် အနောက်လမ်း (ဇင်ဇီယာလမ်း) လမ်းတစ်လျှောက် အမှိုက်များ၊ ကျောက်တုံးနှင့် ခဲများ ဖယ်ရှား ရှင်းလင်းပြီးစီးမှုနှင့် လမ်းဖောက်လုပ်ဆောင်ရွက်နိုင်ရေး မြေပြုပြင်ခြင်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ခရစ္စမတ်အကြို အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ခရစ္စမတ်အကြို အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**အေးအတူ ပူအမျှ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မိမိတို့ တိုင်းရင်းသားများသည် တစ်ဦးအပေါ် တစ်ဦး မေတ္တာပြပြီး အေးအတူ ပူအမျှ စည်းစည်းလုံးလုံးဖြင့် ကမ္ဘာကြီးငြိမ်းချမ်းစေရန် တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုပါကြောင်း၊ တိုင်းပြည်ကြီး ငြိမ်းချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူပြည်သားများလည်း စားဝတ်နေရေး ပြေလည်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လူမျိုး တစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မေတ္တာရှေ့ထားပြီး ကမ္ဘာမြေကြီး ငြိမ်းချမ်းအောင် ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုပါကြောင်း၊ မေတ္တာပေးပြီး မေတ္တာပြန်ယူကြစေလိုပါကြောင်း၊ ကမ္ဘာကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ လောကီသားအားလုံး မေတ္တာ၊ ကရုဏာထားနိုင်ပါစေကြောင်း ခရစ္စမတ် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကမ္ဘာပေါ်တွင် ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဟူ၍ဘာသာကြီးလေးမျိုးရှိပြီး ခရစ်ယာန်ဘာသာသည် ကမ္ဘာပေါ်တွင် ကိုးကွယ်မှု ရာခိုင်နှုန်း အများဆုံးဖြစ်ပါကြောင်း၊ မည်သည့် ဘာသာဖြစ်စေ ကောင်းမွန်သော အဆုံးအမများကို လက်ခံပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသည့် ဗြဟ္မစိုရ်တရား လေးပါးနှင့်အညီ နေထိုင်ကျင့်သုံးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက ခရစ္စမတ် တေးသီချင်းများ၊ တိုင်းရင်းသားတေးသီချင်းများ၊ အဆိုအကများဖြင့် သီဆို၊ ကပြဖျော်ဖြေခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၂ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၂ ရက်နေ့ ၀၄:၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး




**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံး ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Rui-Ning (Myanmar) Garment Co., Ltd အာမခံအလုပ်သမား HR Manager ဦးကျော်ကျော်၏ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးသည့်အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက Rui-Ning (Myanmar)Garment Co., Ltd မှ တာဝန်ရှိသူများ ရှေ့မှောက်တွင် ကွယ်လွန်သူ ဦးကျော်ကျော်၏ ဇနီးဖြစ်သူ ဒေါ်ပန်းအိခိုင်ထံသို့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ နာရေးစရိတ်အကျိုးခံစားခွင့် ကျပ် ၁၂၆၆၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ကျပ် ၉၀၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၂၆၆၀၀၀ ကို ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

## ခုနစ်ဆယ့်လေးနှစ်များတိုင်ပြီ

(သုံးချက်ညီတေးထပ်)

**နှင်းမြူ ဝင်းဖြူ မင်းမူအဝှမ့်**
**ခင်းထူတသန့် မြေမြက်လွှာ**
**ကျင်းယူအပြန့် ဗွေထက်ချာ**
**မသွေလက်ဖြာ ငွေရောင်ဖွေး**
**နှစ်ဦး သစ်ဖူးလို့ ဇမ္ဗူအဝှမ်းဘုံအလယ်**
**ဥဒါန်းဂုဏ်ထည် မြန်မာ့လွတ်လပ်ရေး။**
**အမွန်တကယ်တွေး ခုနစ်ဆယ့်လေးနှစ်များတိုင်လာပြီ**
**သစ်အားပြိုင် တာရှည်မြော်တွေး**
**မှန်းအစဉ် လန်းရွှင် မြန်းဆင်ပေးလို့**
**ပန်းအသွင်မွှေးသမို့ မြတ်နိုးကာ**
**ပြည်ဘောင် တည်ထောင် ညီနောင်ရင်း**
**ရည်ဆောင်နှင်း မိသားစုပုံပမာ။**
**အရေးရှိ ပေးသတိ သွေးညှိပါ**
**ဘေးမရှိရာ အောင်သပြေအညွန့်နဲ့**
**နောင်အရှည်အစွန့် တည်အောင်ပြု သန်မာခိုင်ရန်**
**ပြည်ထောင်စုမြန်မာနိုင်ငံ။**
**လွတ်လပ်သည့်ပန်း ထွတ်မြတ်ရည်မှန်း မြူးစိတ်ရွှင်သန်**
**ဦးထိပ်ဆင်ပန် ထားကြပါကွယ့်လေး။ ။**
**မြန်ပြည်တစ်လွှား ဆန်ရေစပါး အထွက်များပိုလျှံ**
**တစ်လက်တစ်အားမခိုအမှန် ညီညွတ်ကြဖို့လေး။ ။**
**ပြည်ထောင်သားတို့ ညီနောင်ဖွားမို့လက်မြဲမြဲ**
**အခက်အခဲအမှန် ကျော်လွှားကြပါကွယ့်လေး။ ။**

**သူရဇော်**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

# ပျောက်ဆုံးသွားလို့မဖြစ်တဲ့ အမျိုးသားရေးဂုဏ်သိက္ခာ ....

ပြည်ထောင်စုသားတစ်ဦး

ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပသည့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် တီမောအသင်းကိုမှအပ အိမ်ရှင် စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ရသည်။

မြန်မာဘောလုံးလောက၏ လက်ရှိအခြေအနေအရ မြန်မာဘောလုံးအသင်းကို ပြိုင်ပွဲတွင် အဆင့်မြင့်မြင့်မားမားရပ်တည်ရန် မမျှော်မှန်းထားသော်လည်း ဖိလစ်ပိုင်အသင်းအား ရှုံးနိမ့်ခဲ့ရသည်ကိုမူ ရင်ထဲဟာတာတာခံစားရသည်။

သို့ရာတွင် မြန်မာဘောလုံး၏အရှုံးကို ပြုံးပျော်နိုင်သူများကလည်း မကြုံစဖူး ဒုနှင့်ဒေး။ အံ့သြဖွယ်ရာပင်။ ထုံးစံအတိုင်း လူမှုကွန်ရက်ပေါ်တွင် “ပျော်လိုက်တာ” တို့၊ ဘာတို့ညာတို့ သတင်းအောက်တွင် မှတ်ချက်ပေါင်းများစွာ ဝင်ရေးကြသည်။ Profile များကို ဂရုတစိုက်ကြည့်လိုက်တော့ ထုံးစံအတိုင်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲပုံရိပ်များဖြင့်။

၁၉၉၅ ခုနှစ် (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းက ဗီယက်နမ်အသင်းကို ဦးဆောင်ဂိုးသွင်းယူပြီးမှ ကစားသမားနှစ်ဦး အနီကတ်ပြအထုတ်ခံရပြီး ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှထွက်ခဲ့ရစဉ်က မြန်မာတစ်နိုင်ငံလုံးနီးပါး မကျေနိုင်၊ မချမ်းနိုင်ခံစားခဲ့ကြသည်ကို ပြန်ပြောင်းအမှတ်ရမိသည်။ နေရစ်တော့ခေတ်ဟောင်း။

## လက်မခံနိုင်ဖွယ်ဖြစ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က ကျင်းပခဲ့သည့် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီတွင် “မြန်မာနိုင်ငံရှိ ရိုဟင်ဂျာဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ”ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်စွဲဖြင့် “ယခုဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏ ဥပဒေနှင့် သမိုင်းကြောင်း၌ မည်သည့်အခါကမျှမရှိခဲ့ဘဲ ပြည်သူများက အသိအမှတ်မပြုသည့် ‘ရိုဟင်ဂျာ’ ဆိုသော အသုံးအနှုန်းအပါအဝင် လိုရာပုံသွင်း၍ မှားယွင်းသည့်အကြောင်းအရာများနှင့် ပြည့်နှက်နေသည်မှာ လက်မခံနိုင်ဖွယ်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုကို ပြင်းထန်စွာကန့်ကွက်ပယ်ချလိုက်သည်”ဟု သတင်းထုတ်ပြန်သည်။

ထုံးစံအတိုင်း ထိုသတင်းအောက်တွင် လှောင်ပြောင်သရော်ကြသည့် မှတ်ချက်များစွာဖြင့်။ ထိုမှတ်ချက်ပိုင်ရှင် Profile များကလည်း ထုံးစံအတိုင်းပင်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးစီးရွာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးပြန်လာသည့် ကွတ်ခိုင်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင့်ဝင့်မြိုင်ကို အမည်မသိ လက်နက်ကိုင်အဖွဲ့က ကားကိုတားကာ သေနတ်ဖြင့် အနီးကပ်ပစ်ခတ်သတ်ဖြတ်လုပ်ကြံခဲ့ကြသည်။

ထုံးစံအတိုင်း လူမှုကွန်ရက်ပေါ်တွင် မြို့နယ်ဆရာဝန်မကြီးကို ဗိုလ်မှူးကတော် ဒလန်ဟုစွပ်စွဲရေးသားပုံဖော်ကြပြီး အကြမ်းဖက်လုပ်ရပ်အပေါ် ဝမ်းသာအားရထောက်ခံရေးသားသူက ရေးသားကြသည်။ ထိုမှတ်ချက်ပိုင်ရှင်များ၏ Profile များကလည်း ထုံးစံအတိုင်းပင်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနေကြသူများ။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာ၌ နေထိုင်ခဲ့ကြသည့် အသက် (၈၀) အရွယ် ဒေါ်ဂျမ်းတောနှင့် အသက် (၇၄) နှစ်အရွယ်ရှိ ဒေါ်ခင်ဆွေမြင့်အပါအဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦးတို့ကို PDF အကြမ်းဖက်လက်နက်ကိုင်များက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ကာ နေအိမ်များကို မီးရှို့ခဲ့ကြသည်။

အကြောင်းပြချက်က အဖွားဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့်တို့သည် လက်ရှိဌာနဆိုင်ရာတစ်ခုမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ အမေနှင့် အဒေါ်တော်စပ်နေ၍ အကြမ်းဖက်သမားများက “သတင်းပေး၊ ဒလန်”ဟု အကြောင်းပြစွပ်စွဲသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ထုံးစံအတိုင်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတစ်ဖက်ပိတ်များသည် သူတို့ပါးစပ်ကရွတ်ဆိုနေကျ “ဒီမိုကရေစီနှင့် လူ့အခွင့်အရေး” ကို ဘေးချိတ်ကာ လူသတ်ဝါဒအကြမ်းဖက်ဝါဒကို အားရဝမ်းသာထောက်ခံကြပြန်သည်။

တကယ်တော့ အကျိုးတရားတို့သည် အကြောင်းတရားပေါ်တွင် အခြေခံသည်။ ပစ္စက္ခ မြန်မာတို့၏အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်များ ပါးလျသွားရခြင်းသည် လွန်ခဲ့သောငါးနှစ်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုသာ တစ်ဖက်သတ်ဖောင်းပေးသည့် အစွန်းရောက်လစ်ဘရယ်ဝါဒကို ဦးစားပေးပြုစုပျိုးထောင်ခဲ့ခြင်းကြောင့်ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင်ရှိရမည့် ရှိသင့်ရှိထိုက်သည့် အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ကို လွတ်လပ်မှုစံနှုန်းများဖြင့်သာ တိုင်းတာသည့် လစ်ဘရယ်ဝါဒနှင့် အလဲအထပ်ပြုခဲ့ခြင်းဖြစ်ပေသည်။ ပါတီခေါင်းဆောင်တစ်ဦးကဆိုပါလျှင် “မျိုးချစ်စိတ်မလိုအပ်ဘူး” ဟုပင် ဆိုမိန့်ခဲ့သေးသည်။

## အစွန်းရောက်ဝါဒမဟုတ်

တကယ်တော့ မျိုးချစ်စိတ်ဆိုသည်မှာ အစွန်းရောက်ဝါဒမဟုတ်ပါ။ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကိုချစ်သည့်စိတ်၊ သူတစ်ပါးအောက်ကျမခံလိုသည့်စိတ်၊ ဖြစ်နိုင်လျှင် သူများထက်သာလွန်ချင်သည့်စိတ်ဖြစ်သည်။

Patriotism ဆိုသည့် အင်္ဂလိပ်စကားလုံးသည် လက်တင်ဘာသာ Patria နှင့် ဂရိဘာသာစကား Patritha က ဆင်းသက်လာခြင်းဖြစ်သည်။ မိမိနိုင်ငံကိုချစ်မြတ်နိုးခြင်းဟု အဓိပ္ပာယ်ရသည်။ ရှေးဂရိလူမျိုးများက မျိုးချစ်စိတ်ကိုဖွင့်ဆိုရာတွင် ဘာသာစကား၊ ဘာသာရေးအစဉ်အလာ၊ လူ့ကျင့်ဝတ်၊ အများကောင်းကျိုးတို့ပါဝင်သည်ဟု ဆိုသည်။

မျိုးချစ်စိတ်နှင့်ပတ်သက်၍ နိုင်ငံရေးဗေဒစာပေကျမ်းများ၌ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။ နိုင်ငံသားအချင်းချင်းအပေါ် တာဝန်သိမှု၊ တာဝန်ယူမှုကလည်း မျိုးချစ်စိတ်ထဲတွင် အကျုံးဝင်သည်ဟုဆိုသည်။ မျိုးချစ်စိတ်သည် နိုင်ငံတစ်နိုင်ငံအတွင်း အတူမှီတင်းနေထိုင်သူအချင်းချင်း စိတ်ဓာတ်ရေးရာစည်းလုံးညီညွတ်မှုဖြစ်သည်ဟုလည်းဖွင့်ဆိုသည်။ ပညာရှင်တစ်ဦးက မျိုးချစ်စိတ်နှင့် အမျိုးသားရေးဝါဒကို ခွဲခြားထားရမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်က လူသားဘဝတန်ဖိုးနှင့် ကောင်းကျိုးဖြစ်ထွန်းမှုကို ဦးစားပေးပြီး အမျိုးသားရေးအစွဲနှင့် မျိုးချစ်စိတ်က သူတစ်ပါးကိုကျူးကျော်ဖို့ ဝန်မလေးသည့် တစ်ဖက်သတ်မျိုးချစ်စိတ်နှင့် အတူတူဖြစ်သွားတတ်သည်ဟုဆိုသည်။

> **ပစ္စက္ခ မြန်မာတို့၏အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်များ ပါးလျသွားရခြင်းသည် လွန်ခဲ့သောငါးနှစ်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုသာ တစ်ဖက်သတ်ဖောင်းပေးသည့် အစွန်းရောက်လစ်ဘရယ်ဝါဒကို ဦးစားပေးပြုစုပျိုးထောင်ခဲ့ခြင်းကြောင့်ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင်ရှိရမည့် ရှိသင့်ရှိထိုက်သည့် အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ကို လွတ်လပ်မှုစံနှုန်းများဖြင့်သာ တိုင်းတာသည့် လစ်ဘရယ်ဝါဒနှင့် အလဲအထပ်ပြုခဲ့ခြင်းဖြစ်**

လက်ရှိမြန်မာနိုင်ငံတွင်မူ မျိုးချစ်စိတ်ကို အထူးဝိသေသပြုခဲ့ကြသည့် တပ်မတော်နှင့် အတိတ်ကအစိုးရအဆက်ဆက်အပေါ် နိုင်ငံရေးအာဃာတ၊ ပုဂ္ဂိုလ်ရေးအာဃာတအစွဲအလမ်းတို့ဖြင့် ပြီးခဲ့သည့်ငါးနှစ်က မျိုးချစ်စိတ်ဆိုသည့်စကားလုံးအသုံးအနှုန်းပင် မသုံးဝံ့အောင်ဖြစ်ခဲ့ရသည်။ သူတို့က မျိုးချစ်စိတ်ဆိုသည့်စကားလုံးသည် အစွန်းရောက်အမျိုးသားရေးလက္ခဏာဝိသေသတစ်ရပ်အသွင်သဘောဆောင်သည်ဟု ထင်မှတ်ခဲ့ကြသည်။

## မျိုးချစ်စိတ်ကို မည်သည့်အခါမျှ မျက်ကွယ်မပြုခဲ့

သို့ရာတွင် မြန်မာနိုင်ငံမှ ဒီမိုကရေစီဘက်တော်သားများ လေးစားအားကျနေကြသည့် အမေရိကန်နှင့် အနောက်နိုင်ငံကြီးများပင်လျှင် အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ကို မည်သည့်အခါမျှ မျက်ကွယ်မပြုခဲ့ချေ။ မျိုးချစ်စိတ်ဟု တရားဝင်ထုတ်ဖော်မပြောသည့်တိုင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ကြသည်။

အထင်ရှားဆုံးသာဓကအဖြစ် အမေရိကန်သည် ၉/၁၁ အကြမ်းဖက်မှုဖြစ်စဉ်၏ လက်သည်တရားခံအကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်ကို ဆယ်စုနှစ်အကြာခြေရာခံပြီး ၂၀၁၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးဆောင်ရွက်ကာ လက်စားချေသတ်ဖြတ်ခဲ့မှုကို အမျိုးသားရေးဂုဏ်သိက္ခာအဖြစ် မှတ်ယူကြသည်။

ဘင်လာဒင်စစ်ဆင်ရေးအတွက် အမေရိကန်ထိပ်တန်းခေါင်းဆောင်များ အကြိတ်အနယ်အချေအတင်ဆွေးနွေးရာတွင် စစ်ဆင်ရေးကိုထောက်ခံသူများဘက်က “အမေရိကန်ဂုဏ်သိက္ခာကိုရော ဘယ်မှာသွားထားကြမှာလဲ၊ အပြစ်မဲ့တဲ့ပြည်သူ ၃၀၀၀ ကျော်ကို သတ်ခဲ့တဲ့လူကို ဘာလုပ်မှာလဲ”ဟူ၍ ထောက်ပြမေးခွန်းထုတ်ခဲ့ကြသည်။

အကြမ်းဖက်ခေါင်းဆောင် ဘင်လာဒင်ကို အသေဖမ်းမိခဲ့သည့် စစ်ဆင်ရေးအောင်မြင်မှုကို သတင်းထုတ်ပြန်ချိန်တွင် အိမ်ဖြူတော်နှင့် မလှမ်းမကမ်းတက္ကသိုလ်က ကျောင်းသားများသည် ကောက်ကာငင်ကာစုရုံးလာကြပြီး အမေရိကန်အလံများ လွှင့်ထူကာ “USA ! USA USA”ဟု ကြွေးကြော်ခဲ့ကြသည်။ သူတို့၏ တရားမျှတမှုအတွက် နှစ်ပေါင်းများစွာ စောင့်ခဲ့ပြီးနောက်တွင် တစ်နိုင်ငံလုံးခံစားခဲ့ရသော ခံစားချက်တို့ကို ဖွင့်ထုတ်၍အောင်ပွဲခံခဲ့ကြခြင်းဖြစ်သည်။

## ပြင်းပြင်းထန်ထန်ကန့်ကွက်ဆန္ဒပြ

၁၉၈၉ ခုနှစ် နွေဦးရာသီအတွင်းပေါ်ပေါက်ခဲ့သော တရုတ်ပြည် ထျန်းအန်းမင်အရေးအခင်းတွင် တက္ကသိုလ်ကျောင်းသားများသည် ဒီမိုကရေစီနှင့်လွတ်လပ်မှုပိုမိုရရှိရေးအတွက် ထျန်းအန်းမင်ရင်ပြင်၌ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ နောင်ဆယ်စုနှစ်အကြာ ယူဂိုဆလားဗီးယားစစ်ပွဲကာလတွင် အမေရိကန်ဦးဆောင်သော နေတိုးလေကြောင်းတိုက်ခိုက်မှုအတွင်း ဘဲလ်ဂရိတ်မြို့ရှိ တရုတ်သံရုံးကို မတော်တဆဗုံးကျည်ထိမှန်ပြီး သံရုံးအဖွဲ့ဝင်များ သေကျေဒဏ်ရာရရှိခဲ့မှုဖြစ်စဉ်ပေါ်ပေါက်လာသောအခါတွင်မူ အဆိုပါတက္ကသိုလ်ကျောင်းသားများသည် ပေကျင်းရှိအမေရိကန်သံရုံးနှင့် နေတိုးအဖွဲ့ဝင်အနောက်နိုင်ငံသံရုံးများကို အမျိုးသားရေးဂုဏ်သိက္ခာနှင့် ဇာတိပုညဂုဏ်မာနအရ ပြင်းပြင်းထန်ထန်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ပြည်သူအများအပြားနှင့် ကျောင်းသား ၃၀၀၀ ခန့်သည် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကာ ပေကျင်းမြို့ရှိ အမေရိကန်သံရုံးသို့ ဦးတည်ချီတက်လာကြသည်။ ပေကျင်းမြို့ရှိ တက္ကသိုလ်တစ်ခုက ဆန္ဒပြကျောင်းသားများသည် တရုတ်နိုင်ငံတော်သီချင်းကို သီဆိုကြသည်။ သဘောထားတင်းမာသူဆန္ဒပြသူအချို့ကမူ အမေရိကန်အလံကို မီးရှို့ခြင်း၊ အမေရိကန်သံရုံးပြတင်းပေါက်များကို ပုလင်းများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။ တရုတ်အာဏာပိုင်များက ထိုအရေးကိစ္စနှင့်ပတ်သက်၍ မြွေမသေ တုတ်မကျိုး ညင်သာစွာကိုင်တွယ်ဆောင်ရွက်ခဲ့ရလေသည်။

၁၉၈၂ ခုနှစ် ဖောက်ကလန်စစ်ပွဲတွင် အာဂျင်တီးနား၏ ကျူးကျော်သိမ်းပိုက်မှုအပေါ် သံမဏိမယ်(Iron Lady)ဟု တင်စားခေါ်ဝေါ်ခြင်းခံရသော ဝန်ကြီးချုပ် မာဂရက်သက်ချာသည် အမျိုးသားရေးဂုဏ်သိက္ခာနှင့် ဇာတိပုညဂုဏ်မာနအရ စေ့စပ်ရေးစကား လုံးဝမပြော။ သူမှားသည် ကိုယ်မှားသည်ဟူသော အချေအတင်စကားများလည်းပြောမနေတော့။

စာမျက်နှာ ၁၁ သို့ ✳

# သာစည်မြို့နယ်၌ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ကေ ၂၅ ကေ စိုက်ပျိုးဆောင်ရွက်ထားရှိ



**သာစည် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဆီထွက်သီးနှံများ ဆီထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ကေ ၂၅ ကေကို စိုက်ပျိုးဆောင်ရွက် ထားရှိကြောင်း သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်မန်နေဂျာ ဒေါ်မိုးမိုးငွေက ပြောသည်။

**စပ်မျိုးနေကြာမျိုး ထုတ်လုပ်**

အဆိုပါ ဆောင်းနေကြာမျိုးစေ့ထုတ်ကွက် ဆောင်ရွက်ရာတွင် အဖိုလိုင်း နှစ်တန်းနှင့် အမလိုင်း လေးတန်းစိုက်ပျိုးကာ ပင်ကြားဝတ်မှုန်ကူးခြင်းဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ စိုက်ပျိုးရာ၌ မိဘလိုင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ ခြံများမှ မှာယူပြီး တောင်သူ ၁၀ ဦးကို ရွေးချယ်ကာ စပ်မျိုးနေကြာမျိုးကို စိုက်ပျိုး ထုတ်လုပ်နေကြောင်း၊ ဒေသတွင်း စိုက်ပျိုးနေသောမျိုးမှာ နှစ်မျိုးဖြစ်ပြီး ဆင်းရွှေကြာ(၂) မျိုးနှင့် ရေဆင်း(၁)စပ်မျိုးဖြစ်ကာ ရေဆင်း(၁)စပ်မျိုးကို မျိုးထုတ်လုပ်နေကြောင်း သိရသည်။

"မျိုးစေ့ထုတ်လုပ်တာက ဒေသတွင်းမှာ မျိုးလိုအပ်မှုကို ဖြည့်ဆည်းပေးဖို့ပါ။ အညာဒေသဖြစ်တာကြောင့် နေကြာစိုက်ပျိုးမှုများပါတယ်။ ဆောင်းမှာလည်း များတယ်။ မိုးမှာလည်း များပါတယ်။ နေကြာမိဘလိုင်းတွေကို မျိုးစပ်ပြီးထုတ်တာပါ။ ရေဆင်းစပ်မျိုး နေကြာ(၁)ဆိုပြီး ထုတ်ပါတယ်။ စပ်မျိုးမဟုတ်ဘဲ မျိုးပြန်ယူလို့ရတဲ့ ဆင်းရွှေကြာ(၂)ကိုလည်း ဒေသတောင်သူတွေ အစိုက်များပါတယ်။ မျိုးထုတ်တာက ရေဆင်းစပ်မျိုးနေကြာ(၁)ကို မျိုးထုတ်တာပါ။ စပ်မျိုးထုတ်တာက ဆီထွက်သီးနှံတွေရဲ့ ဆီထုတ်လုပ်မှုကို မြှင့်တင်ပေးချင်လို့ပါ။ ရိုးရိုးမျိုး ဆင်းရွှေကြာ(၂)က တစ်တင်းကို ဆီထွက်ပိသာ နှစ်ပိသာခွဲရတယ်။ ရေဆင်းစပ်မျိုး နေကြာ(၁)ကတော့ တစ်တင်းကို လေးပိသာခွဲ ထွက်ပါတယ်။ အဲဒါကြောင့် ရေဆင်းစပ်မျိုး နေကြာ(၁)ကို ပိုမိုတိုးချဲ့စိုက်ပျိုးဖို့ ရည်ရွယ်တာပါ။ အောက်တိုဘာ လဆန်းကတည်းက စိုက်ခဲ့တဲ့ နေကြာတွေက ခုဆိုပန်းပွင့်နေပါပြီ။ နိုဝင်ဘာလကုန် စိုက်တဲ့ နေကြာတွေဆိုရင် သားခွဲပြီး ရေသွင်းနေပါပြီ။ တစ်ပြိုင်တည်း စိုက်ခဲ့တာမဟုတ်ပါဘူး" ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ရေဆင်းစပ်မျိုး နေကြာ(၁)သည် ရေမြေအခြေခံကောင်းပြီး သွင်းအားစုလည်း အပြည့်အဝ ထည့်ပေးနိုင်ပါက တစ်ကေကို တင်း ၄၀ မှ တင်း ၅၀ ထိ ထွက်ရှိကြောင်း၊ ဒေသတွင်း အနေဖြင့် တစ်ကေလျှင် တင်း ၃၀ ကျော်ထွက်ရှိပြီး နေကြာ သက်တမ်းသည် ၈၅ ရက် ရှိကြောင်း၊ ယင်းသို့စိုက်ပျိုးခြင်းကြောင့် ဒေသတွင်း မျိုးကောင်းမျိုးသန့်များ ရရှိပြီး အထွက်နှုန်းလည်း ပိုမိုထွက်ရှိကြောင်း၊ စိုက်ပျိုးသည့် တောင်သူများ ရောင်းချရာတွင် မျိုးအဖြစ် တစ်တင်းကို ငွေကျပ် ၅၀၀၀၀ နှုန်းဈေးရရှိပြီး ဝင်ငွေများလည်း ကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# မအူပင်မြို့နယ် မင်းရောတံတားမှ တိုးမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှု တိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မင်းရောတံတားမှ တိုးမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဆန်းဝင်း၊ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်၊ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တလုပ်လှငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ် ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးခုံးမငါးသားပေါက်ကောင်ရေ ငါးသိန်းနှင့် ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေခြောက်သိန်းအား မင်းရောတံတားမှ တိုးမြစ်အတွင်းသို့ စုပေါင်းပြီး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကုန်ထုတ်လမ်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို ဒီဇင်ဘာ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မလော့ချောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/သွင်းကုန်များ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် Family-126 ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် မလော့ချောင်ကျေးရွာ ကုန်ထုတ်လမ်း (မြေသားဂ၀ံ လမ်း ပေ ၅၂၈၀ x ပေ၂၀ x ၄ ပေ+၉ လက်မ) Box Culvert နှစ်စင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကုန်ထုတ်လမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိစိုက်ပျိုးမြေ ကေ ၅၀၀ ကျော်မှ ထွက်ရှိမည့် လယ်ယာထွက်ကုန်သီးနှံများကို ရာသီမရွေး ဈေးကွက်သို့လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**

# မြို့သစ်မြို့၌ ဒေသထွက်ဝါများ ဈေးအနည်းငယ်မြင့်တက်သော်လည်း ပုံမှန်ဝယ်ယူလျက်ရှိ

**မြို့သစ် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ယခုနှစ်တွင် ဝါမျိုးစုံ ၂၃၇၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ဝါမျိုးစုံ ၂၉၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ ယခုအခါ ဝါများ ကောက်ယူရောင်းချလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဝါအမျိုးအစားများအနေဖြင့် ရွှေတောင်(၈)၊ ရွှေတောင်(၁၀)၊ ငွေချည်(၉)၊ ငွေချည်(၁၁)နှင့် ငွေချည်(၆)မျိုးများကို စိုက်ပျိုးကြရာ အဓိကအားဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရွှေတောင်(၈)မျိုးကို အများအပြားစိုက်ပျိုးကြကြောင်း၊ မိုးကောင်းသောက် ဝါတစ်ဧကလျှင် ဝါပိသာချိန် ၆၀၀ ခန့်နှင့် ဖြည့်စွက်ရေထပ်ပေးပြီး စိုက်ပျိုးနိုင်ပါက ဝါပိသာချိန် ၈၀၀ ခန့် ထွက်ရှိနိုင်ကာ စက်တင်ဘာလမှစ၍ ဝါများကောက်ယူရောင်းချလျက်ရှိသည်။

ယခင်လများက ဝါကောက်ယူရောင်းချချိန်တွင် မိုးတွင်းရာသီဖြစ်သည့်အတွက် အစိုဓာတ်ပါဝင်မှုများကြောင့် ဝါအရည်အသွေး မပြည့်မီသည့်အတွက် ဝါ တစ်ပိသာလျှင် ငွေကျပ် ၁၀၀၀ ဈေးသာ ရောင်းချရသော်လည်း ယခုမိုးလွတ်ရာသီဖြစ်သည့်အတွက် ဝါတစ်ပိသာလျှင် ငွေကျပ်၁၅၀၀မှ၁၆၀၀အထိ ဝယ်ယူလျက်ရှိပြီး ဝယ်ယူရရှိသည့်ဝါများကို မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**

✳ စာမျက်နှာ ၁၀ မှ

ဗြိတိသျှရေတပ်ကြီးကို မိုင်ပေါင်း ၈၀၀၀ ခရီးနှင်စေခဲ့သည်။

ဗြိတိန်ပြည်သူများကလည်း အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်အရ ဗြိတိသျှရေတပ်ကြီးစစ်ပွဲအတွက် စတင်ထွက်ခွာချိန်မှ စစ်ပွဲဖြစ်ပွားခဲ့သည့် ရက်သတ္တခြောက်ပတ်ကြာ ကာလအတွင်း သောင်းသောင်းဖြဖြ တစ်ခဲနက်ထောက်ခံရပ်တည်ခဲ့ကြသည်။

ဖောက်ကလန်စစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရသော အာဂျင်တီးနားတို့ကလည်း ၁၉၈၆ ခုနှစ် မက္ကစီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် မဟာရန်ဘက် အင်္ဂလန်အသင်းကို မာရာဒိုနာ၏ သွင်းဂိုးနှစ်ဂိုးအပါအဝင် နှစ်ဂိုး-တစ်ဂိုးဖြင့် အာဂျင်တီးနားအသင်း၏ အနိုင်ရရှိမှုအပေါ် ဖောက်ကလန်စစ်ပွဲ၏ ရာဇဝင်ကြွေးအဖြစ်လည်းကောင်း၊ အမျိုးသားရေးဂုဏ်သိက္ခာအဖြစ်လည်းကောင်း ရှုမြင်အောင်ပွဲခံခဲ့ကြသည်။

မြန်မာနိုင်ငံ၌မူ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲပြင်းထန်သူများနှင့် မသိနားမလည်သူအချို့သည် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းရာဇဝင်နှင့် အစဉ်အလာများကိုခြေကန်ကာ အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်တို့ကို မေ့လျော့နေကြသည်။ မင်းသားကြီးမလုပ်ရ ပတ်မကြီးထိုးဖောက်ဆိုသည့်နှယ် အကြမ်းဖက်အုပ်စုတို့က မြန်မာနိုင်ငံကို ကျရှုံးနိုင်ငံအဖြစ်ဆောင်ရွက်နေသည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မျက်စိစုံမှိတ် အားပေးထောက်ခံနေကြသည်။

ပြီးခဲ့သည့်လပိုင်းက တရုတ်ပြည်မှကျောင်းသား ၅၀၀ ကို တရုတ်ပြည်တွင်းစစ်နှင့် ကိုရီးယားစစ်ပွဲအတွင်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်သားများရိက္ခာအဖြစ် စားသောက်ခဲ့ရသော အာလူးအစိမ်းနှင့် ဂျုံမှုန့်များအား အစမ်းကျွေးကြည့်သောအခါ တော်လှန်ရေးတွင် အသက်စွန့်ခဲ့သည့်သူရဲကောင်းများ၏ ခက်ခဲမှုများအပေါ် လက်ရှိမျိုးဆက်သစ်တို့ ကိုယ်ချင်းစာနာခံစားမိခဲ့ကြပြီး အချို့က မျက်ရည်များယိုစီးကာ ငိုကြွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၌မူ ယခုရက်ပိုင်းအတွင်း နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ရင်း ဒဏ်ရာရ၊ အသက်စွန့်လွှတ်သွားခဲ့ကြသည့် တပ်မတော်သားအချို့၏ ဖြစ်စဉ်နှင့်ပတ်သက်၍ အစွန်းရောက်များက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လှောင်ပြောင်သရော်ကာ ရေးသားခဲ့ကြလေသည်။

ထိုသို့သော ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲဖြင့် အစွန်းရောက်လစ်ဘရယ်ဝါဒကို ကမ္ဘာထင်ကာ အထိန်းအကွပ်မဲ့ကြိုးမဲ့လေတံခွန်ပမာ လွတ်လပ်မှုစံနှုန်းများကို တရားသေကိုင်စွဲထားသူအချို့၏ သွေးထိုးလှုံ့ဆော်မှုများက အနာဂတ်မြန်မာနိုင်ငံတော်အတွက် စိုးရိမ်စရာကောင်းသည်။ အနာဂတ်မျိုးဆက်သစ်လူငယ်များနားယောင်ကာ အမျိုးသားရေးဂုဏ်သိက္ခာ ဇာတိပုညဂုဏ်မာနနှင့် မျိုးချစ်စိတ်ဓာတ်များ ခေါင်းပါးသွားမည့်အရေးကိုလည်း ကျွန်တော်တွေးပူမိပါသည်။

အချိန်မီထိန်းသိမ်းကာကွယ်ကြပါစို့။ ။

■

# မလေးရှား၌ ရေကြီးရေလျှံမှုကြောင့် ၁၄ ဦးထက်မနည်း သေဆုံးပြီး ၇၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရ



**ရှာအလမ် ဒီဇင်ဘာ ၂၁**

မလေးရှားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ လူ ၁၄ ဦး ထက်မနည်းသေဆုံးပြီး ပြည်သူ ၇၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်ကုန်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မလေးရှားနိုင်ငံတစ်ဝန်း၌ အဆိုးရွားဆုံး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး မြို့ကြီးများနှင့် ကျေးရွာအများအပြားတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကာ အဓိကလမ်းများလည်း ပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကွာလာလမ်ပူမြို့အနီးတွင် တည်ရှိသော နိုင်ငံ၏လူဦးရေအထူထပ်ဆုံးနှင့် အချမ်းသာဆုံးဆီလန်ဂေါ ပြည်နယ်သည် ရေကြီးရေလျှံမှုဒဏ် အဆိုးရွားဆုံးခံရသည့် ဒေသတစ်ခုဖြစ်သည်။ ထို့အတူ ပြည်နယ်၏မြို့တော် ရှာအလမ်မြို့ရှိ နေရာတချို့သည် ယနေ့အထိ ရေကြီးမှုများဖြင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားများသည် နေအိမ်များတွင် သောင်တင်နေကြသောပြည်သူများနှင့် အစိုးရ၏ ခိုလှုံရေးစခန်းများတွင် နေထိုင်ကြသော ပြည်သူများထံ စစ်ဘက်သုံးသင်္ဘောများဖြင့် အစားအစာများ ဖြန့်ဝေပေးလျက်ရှိသည်။

ဒေသဆိုင်ရာအစိုးရသည် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရေကြီးရေလျှံမှု ဖြစ်ပွားသည့်နေရာများသို့ တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးလုပ်သား ထောင်နှင့်ချီ စေလွှတ်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် ယင်းကူညီကယ်ဆယ်ရေး လုပ်သားအင်အားသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မလုံလောက်သည့်အတွက် စေတနာ့ဝန်ထမ်းများကသာ အစားအစာနှင့် သင်္ဘောများစေလွှတ်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေရကြောင်း ဝေဖန်ရေးသမားများက ထောက်ပြပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**

**ဘာသာပြန် – ဂျေတီ**

# အာဖဂန်နစ္စတန်နိုင်ငံအား ကန်ဒေါ်လာသန်း ၁၀၀ ခန့်တန်ဖိုးရှိ အထောက်အပံ့များ ပေးအပ်ရန် ဂျပန်နိုင်ငံအစိုးရ ဆုံးဖြတ်

**တိုကျို ဒီဇင်ဘာ ၂၁**

ဂျပန်နိုင်ငံအစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်တန်ဖိုးရှိ အထောက်အပံ့များ ပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**စီးပွားရေး ကမောက်ကမဖြစ်ခဲ့**

အာဖဂန်နစ္စတန် နိုင်ငံအား တာလီဘန်တို့ သိမ်းပိုက်ပြီးနောက် လေးလကျော်ကာလတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးသည်လည်း ကမောက်ကမဖြစ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံလူဦးရေ၏ ခြောက်ရာခိုင်နှုန်းသည် စားနပ်ရိက္ခာ မလုံလောက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံသည် မိုးခေါင်ရေရှားမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါတို့ဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။ ဂျပန်နိုင်ငံက ထောက်ပံ့ပေးမည့် အထောက်အပံ့များသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ယူနီဆက်ဖ်တို့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်း ၁၆ ခုမှတစ်ဆင့် အစားအသောက်၊ သောက်သုံးရေနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ပေးမည့်အစီအစဉ်အတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ယခုဂျပန်နိုင်ငံအစိုးရက ထောက်ပံ့ပေးမည့်အစီအစဉ်သည် အာဖဂန်နစ္စတန်နိုင်ငံအား တာလီဘန်တို့ သိမ်းပိုက်ပြီးနောက် ဒုတိယအကြိမ်ထောက်ပံ့ပေးမည့် အစီအစဉ်ဖြစ်ပြီး အောက်တိုဘာလအတွင်းကလည်း အာဖဂန်နစ္စတန်နိုင်ငံအား အမေရိကန်ဒေါ်လာ ၅၈ သန်းတန်ဖိုးရှိ အရေးပေါ်အထောက်အပံ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံအစိုးရသည် အာဖဂန်နစ္စတန် ပြည်သူများအား အထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အလင်းသစ်**




# စင်ကာပူနိုင်ငံ၌ အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ယခုလအတွင်း စတင်မည်

**စင်ကာပူ ဒီဇင်ဘာ ၂၁**

စင်ကာပူနိုင်ငံသည် နိုင်ငံအတွင်းရှိ အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ယခုလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါအသက်အရွယ်များအား ထိုးနှံပေးမည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည်လည်း ဒီဇင်ဘာ ၂၂ ရက်တွင် ရောက်ရှိလာမည်ဟု မျှော်လင့်ထားကြောင်း စင်ကာပူနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အဆိုပါ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဥရောပမှ တင်ပို့မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်ပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာတွင်လည်း ထိရောက်မှုရှိကြောင်းနှင့် အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ထိုးနှံပေးရန် စင်ကာပူကျန်းမာရေးသိပ္ပံအာဏာပိုင်အဖွဲ့များက အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို ဒီဇင်ဘာလကုန်ပိုင်းတွင် စတင်နိုင်ရန် စီစဉ်ထားကြောင်းလည်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၂၆ ဦးရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၂၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၇၅၂၁၆၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅၃ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၇၈၀၀၇ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၇၉၀၉၇ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၈၀၄၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၄၁၉၅၀၆၀ ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၃၂၅ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၃၂၅ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၆၃၁၆ ဦး သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကိုးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ များအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်းကူးစက်ခံရသူများအနက် မြို့တော်ဟနွိုင်းသည် ကူးစက်ခံရသူ ၁၇၀၄ ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး တေနင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၉ ဦး၊ ကာမောပြည်နယ်၌ ၁၅၉၀ အသီးသီးရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၇၁၇၈၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၃၀၀၄၁ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၀၁၉၁ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၆၀၀၉၀ ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၄၀ ဒသမ ၄ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**





## အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်က ဒယ်လ်တာဗီဇပြောင်းပိုင်းရပ်စ်ထက် လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ ဒီဇင်ဘာ ၂၁**

အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်သည် ဒယ်လ်တာဗီဇပြောင်းပိုင်းရပ်စ်ထက် ပိုမိုလျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂီဘရီယီးဆပ်က သတိပေးပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတွင်းရေးမှူးချုပ် ဂီဘရီယီးဆပ်က ဒီဇင်ဘာ ၂၀ ရက်တွင် ဂျီနီဗာရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုပါသတင်းစာရှင်းလင်းပွဲသည် တစ်နှစ်ခွဲနီးပါးကြာကာလအတွင်း အွန်လိုင်းမှမဟုတ်ဘဲ လူကိုယ်တိုင်တက်ရောက်ခွင့်ရရှိသည့် သတင်းစာရှင်းလင်းပွဲဖြစ်ကြောင်း သိရသည်။ အဆိုပါ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်သည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူများ သို့မဟုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများလည်း ကူးစက်ခံရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂီဘရီယီးဆပ်က ပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်သည့် ကုမ္ပဏီများကမူ ၎င်းတို့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား တတိယအကြိမ် အပိုဆောင်းထိုးနှံပါက အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်မှုများကို ကာကွယ်ရာတွင် အကျိုးရှိ ထိရောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**






## အမေရိကန်နိုင်ငံ၌ တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၇၀ ရာခိုင်နှုန်းကျော် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရသူများ ဖြစ်ဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်းက တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၇၀ ရာခိုင်နှုန်းကျော်သည် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်ခံရသူများ ဖြစ်ဖွယ်ရှိကြောင်း အမေရိကန်ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက်သည် ၇၃ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၂၀၅၉၆၆၇ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၈၂၈၁၃၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၀၇၁၉၀၄၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၈၀၇ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဒီဇင်ဘာ ၂၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၈၀၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၂၆၇၇၁၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

အလားတူ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၂၇ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် ရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၈၂၄၉ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၄၀၂၁၉ ဦး ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၀၅၅၁၉၉ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၉၁၃၂၇၁ ဦးရှိကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်သည့် မြို့တော်မော်စကို၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၆ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၀၀၇၆၁၆ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ပိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၇၅၉၂၆၈၃၀ | ဦး |
| သေဆုံးသူ | ၅၃၈၀၀၈၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၇၆၈၀၆၉၈ | ဦး |

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉ ဒသမ ၁၈ သန်းကျော်ရှိလာ

**အန်ကာရာ ဒီဇင်ဘာ ၂၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၆၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၁၈၉၈၈၀ ဦးရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၈၀၅၉၁ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၄၄၉၇ ဦး ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၇ သန်းနီးပါးရှိကြောင်း၊ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၁ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၂၄ ဒသမ ၉၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## မှုခင်း၊ ပြည်တွင်းရေးရာ

# လှိုင်သာယာမြို့နယ်၌ ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မွေးမြူရေးစက်မှုဇုန် ရွှေရင်အေးကျောင်း(၃)လမ်းတွင် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ရဲကိုကိုအောင် မောင်းနှင်ပြီး လှဘုန်း၊ လှမျိုးခင်၊ ဇော်နိုင်လတ်တို့လိုက်ပါလာသည့် Mark-X မော်တော်ယာဉ်နှင့် လွင်ဖြိုးအောင် မောင်းနှင်ပြီး ထင်လင်းအောင်၊ ဝင်းမောင်နှင့် မဇာခြည်ထွန်း၊ မနာအိတို့ လိုက်ပါလာသည့် Fielder မော်တော်ယာဉ်၊ သန့်ကိုဝင်း မောင်းနှင်ပြီး လှိုင်မျိုးအောင် လိုက်ပါလာသည့် Crown မော်တော်ယာဉ် သုံးစီးတို့တွေ့ဆုံ၍ ကြိုတင်ရောက်ရှိနေသည့် ကျော်ကျော်၊ ချစ်ဇော်တို့ နှစ်ဦးနှင့် မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်နေစဉ် ၎င်းတို့အား ထိန်းသိမ်းရှာဖွေရာ Mark-X မော်တော်ယာဉ်ပေါ်ရှိ သံသေတ္တာအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ၁၃ ဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၁-၁၂-၂၀၂၂) ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 2 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 3 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 4 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 5 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 6 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 7 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 8 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 9 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 10 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https:// www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။






# အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏ တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေးအလို့ငှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှ ဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ ရောက်ရှိသိမ်းဆည်းထားခြင်းများ ရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရေဦးမြို့နယ် ရေမြက်ကျေးရွာအတွင်း အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရေမြက်ကျေးရွာ၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ရောက်ရှိနေသည့် KIA အဖွဲ့၊ NLD ပါတီဝင် အစွန်းရောက်သမားများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် အစည်းအဝေး ပြုလုပ်ရန် စုဝေးနေကြောင်း ကျေးရွာသူ ကျေးရွာသားအချို့က သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဝင်ရောက်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားလေးဦးကို အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ လက်နက်ခဲယမ်းအချို့နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

**ထပ်မံသိမ်းဆည်းရရှိ**

အဆိုပါကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်ခြောက်လုံးနှင့် အကြမ်းဖက်သူများက နေအိမ်များကို အကာအကွယ်ပြု၍ ပစ်ခတ်ခဲ့မှုကြောင့် လက်နက်ငယ်ထိမှန်ခဲ့သော နေအိမ်အချို့အား တွေ့ရှိရပြီး ၎င်းနေအိမ်များအတွင်း၌ သေဆုံးလျက်ရှိသော အကြမ်းဖက်သမားနှစ်ဦး၏ အလောင်းအား လက်လုပ် လက်ပစ်ဗုံးနှင့် ဆက်စပ်ပစ္စည်းတို့နှင့်အတူ ထပ်မံ သိမ်းဆည်းရရှိခဲ့သည်။

**လုံခြုံရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သူများ မီးရှို့ခဲ့မှုကြောင့် မီးလောင်ကျွမ်းလျက်ရှိသော နေအိမ်များအား မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဒီဇင်ဘာ ၂၀ ရက်တွင် ရေဦးမြို့နယ် ရေမြက်ကျေးရွာ၌ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်များ၏ မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၂၀ ရက်တွင် ရေဦးမြို့နယ် ရေမြက်ကျေးရွာ၌ အသေဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်သမားများ၏ မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၂၀ ရက်တွင် ရေဦးမြို့နယ် ရေမြက်ကျေးရွာ၌ အကြမ်းဖက်သမားများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းအချို့နှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



# မင်္ဂလာဒုံမြို့နယ်၌ မီးဘေးအန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေး

**မင်္ဂလာဒုံ ဒီဇင်ဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် အသိပညာပေး ဆွေးနွေးဟောပြောပွဲ အစီအစဉ်ကို ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာမြင့်မြင့်ကျော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သည်များကို မေးမြန်းဆွေးနွေးရာ ဒုတိယမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီအောင်က မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ အိမ်တိုင်း မီးသတ်ဆေးဘူးများထားရှိရန်၊ မီးလောင်မှုမဖြစ်ပွားရန် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနက တစ်အိမ်တက်၊ တစ်အိမ်ဆင်း လိုက်လံစစ်ဆေးခြင်း၊ အသိပေးနှိုးဆော်ခြင်းများနှင့် ဈေးများနှင့် စာသင်ကျောင်းများတွင်လည်း မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း၊ မီးသတ်ဆေးဘူးများ အိမ်တိုင်းထားရှိနိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုက်လံ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပဲခူး PDF အကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




✻ ကျောဖုံးမှ

တရားခံများ၏ ထွက်ဆိုချက်အရ ပဲခူးမြို့ ဥသ္သာမြို့သစ် ရပ်ကွက်ကြီး(၁) အနော်ရထာလမ်း၌ **ဝင်းဇော်သိန်း(ခ)ဦးဇာ**(၃၆)နှစ်၊ **ညီဘုန်းအောင်(ခ)မာလ**(၁၈)နှစ် တို့ နှစ်ဦးကို လက်လုပ်မိုင်း နှစ်လုံးဖြင့်လည်းကောင်း၊ ဘုရားကြီးမြို့ အမှတ်(၂) ရပ်ကွက်၌ **စိုးမင်းထွန်း(ခ)မုတ်ဆိတ်**(၂၉)နှစ်ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြတ်ကိုကိုလင်း(ခ) မင်းဘုန်းမဟာ**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၃ ရက်တွင် ပဲခူးမြို့နယ် ထားဝယ်အင်း ကျေးရွာနေ ဖမ်းဆီးရန်ကျန် **ဘိုဘိုအောင်**(၃၂)နှစ်၏ နေအိမ်မှ လက်ပစ်ဗုံး တစ်လုံး၊ TNT ယမ်း သုံးတုံး၊ ယမ်းပြင်း ခုနစ်ထုပ်နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

### ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၄ ရက်တွင် ပဲခူး PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ **သန့်ဇင်ဝင်း**(၄၁)နှစ်ကို ဟံသာဝတမြို့နယ် မရိုးသောင်အုပ်စု လယ်တီကျေးရွာ၌လည်းကောင်း၊ ဟံသာဝတမြို့နယ် သဘ်န်းကုန်းကျေးရွာအနီး လယ်ကွင်းအတွင်း၌ **ဝေယံလွင်(ခ)ဂျာကြီး** (၂၅)နှစ်နှင့် **အောင်မျိုးသူ** (၄၁)နှစ်တို့ နှစ်ဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြတ်ကိုကိုလင်း(ခ) မင်းဘုန်းမဟာ**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၆ ရက်တွင် ပဲခူးမြို့နယ် ငွေ့တန်းရှည် ကျေးရွာရှိ ဖမ်းဆီးရန်ကျန် **မောင်ကျော်**၏ နေအိမ်မှ AK-47 သေနတ် နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၅၂ တောင့်နှင့် လက်ပစ်ဗုံးကိုးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၈ ရက်တွင် ပဲခူးမြို့ ဗိုလ်ကုန်း ရပ်ကွက် မာဃလမ်း၌ **ကျော်လွင်**(၆၄)နှစ်၊ **မာလာမြင့်**(၄၀)နှစ်၊ **ထက်အောင်ကို**(၁၇)နှစ်တို့ သုံးဦးကို လက်လုပ်ဂကစ်သေနတ် သုံးလက်၊ လက်လုပ်ဗုံး လေးလုံး၊ ဒီတိုနေတာများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ တရားခံ **ထက်အောင်ကို**၏ ထွက်ဆိုချက်အရ ပဲခူးမြို့ ဗိုလ်ကုန်း ရပ်ကွက်၌ **စည်သူကျော်(ခ)စည်သူ**(၂၁)နှစ်နှင့် **ကျော်ဇောဦး** (၃၄)နှစ်တို့ နှစ်ဦးကိုလည်းကောင်း၊ တရားခံ **မာလာမြင့်**၏ ထွက်ဆိုချက်အရ ပဲခူးမြို့ မြို့သစ်ရပ်ကွက် ဇောတိကာရုံ ဘုန်းကြီးကျောင်းဝင်း အတွင်း၌ **ထက်လင်းဦး(ခ)အိုဝမ်း** (၂၇)နှစ်၊ **ပြည့်ကိုကို(ခ)ကိုပြည့်** (၂၉)နှစ်နှင့် **ရဲနောင်**(၂၃)နှစ်တို့ သုံးဦးကို ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ပွိုင့်-၃၈၀ ကျည် ၆၂ တောင့်တို့နှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံအမျိုးသား ၁၈ ဦး၊ အမျိုးသမီး တစ်ဦး **ပေါင်း ၁၉ ဦး**တို့ကို **လက်နက်ငယ်မျိုးစုံ လေးလက်**၊ လက်လုပ်သေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ ၁၂၄ တောင့်၊ လက်ပစ်ဗုံး ၁၂ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ခုနစ်လုံး၊ TNT ယမ်း သုံးတုံး၊ ယမ်းထုပ် ၁၁ ထုပ်၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### သင်တန်းများ တက်ရောက်

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **မြတ်ကိုကိုလင်း (ခ) မင်းဘုန်းမဟာ၊ ခန့်လင်းနိုင်(ခ)ကိုခန့်၊ ဇင်ဝင်းထွန်း၊ စိုးမင်းထွန်း(ခ)မုတ်ဆိတ်**နှင့် **ပြည့်ဖြိုးအောင်(ခ)ကိုပြည့်**တို့ ငါးဦးသည် KNLA တပ်မဟာ (၅) နယ်မြေ၌လည်းကောင်း၊ **ထက်လင်းဦး(ခ)အိုဝမ်း၊ စည်သူကျော်(ခ)စည်သူ၊ ပြည့်ကိုကို(ခ)ကိုပြည့်၊ ရဲနောင်**နှင့် ဖမ်းဆီးရန်ကျန် **ဟိန်းလေး**တို့သည် KNLA တပ်မဟာ(၆)နယ်မြေ လေးကော့ကော်၌ လည်းကောင်း၊ **ခန့်လင်းနိုင်(ခ)ကိုခန့်**နှင့် **ဇင်ဝင်းထွန်း**တို့သည် TNLA တပ်မဟာ (၇) နယ်မြေ၌လည်းကောင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပဲခူး PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖမ်းဆီးရန်ကျန် **ဇေလတ်** (NLD ပါတီ၊ ပဲခူးမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)က ဦးစီး၍ ဇွန် ၂၆ ရက်တွင် ဖမ်းဆီးရန်ကျန် **မျိုးကို**နှင့် **ရဲထွဋ်**တို့ ဦးဆောင်ကာ **မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ၊ ခန့်လင်းနိုင်(ခ)ကိုခန့်၊ သန့်ဇင်ဝင်း၊ ဇင်ဝင်းထွန်း၊ ဝင်းဇော်သိန်း(ခ)ဦးဇာ၊ ညီဘုန်းအောင်(ခ)မာလ၊ စိုးမင်းထွန်း(ခ)မုတ်ဆိတ်၊ ပြည့်ဖြိုးအောင်(ခ)ကိုပြည့်၊ ဝေယံလွင်(ခ)ဂျာကြီး၊ အောင်မျိုးသူ၊ သာထူး၊ မင်းမင်းသန့်၊ အောင်ပြည့်ဖြိုး၊ ထက်ဆက်ညွန့်၊ ရန်နိုင်၊ စည်သူဖြိုး**တို့ဖြင့်လည်းကောင်း၊ ဟံသာဝတီ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို အောက်တိုဘာ ၃၀ ရက်တွင် **ထက်လင်းဦး(ခ)အိုဝမ်း** ဦးစီး၍ **စည်သူကျော် (ခ)စည်သူ၊ ပြည့်ကိုကို(ခ)ကိုပြည့်၊** ရဲနောင်တို့နှင့်အတူ ဖမ်းဆီးရန်ကျန် **ဖိုးစည်(ခ)သီဟဇော်**တို့ဖြင့်လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စာမျက်နှာ ၁၇ သို့ ✻




၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပဲခူးမြို့ ဗိုလ်ကုန်းရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်တို့၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပဲခူးမြို့ ရပ်ကွက်ကြီး (၆) ၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

❋ စာမျက်နှာ ၁၆ မှ

တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **မျိုးကိုနှင့် ရဲထွဋ်**တို့၏ စေခိုင်းမှုဖြင့် **သန့်ဇင်ဝင်း၊ မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ၊ ပြည့်ဖြိုးအောင်(ခ)ကိုပြည့်၊ စိုးမင်းထွန်း(ခ)မုတ်ဆိတ်**နှင့် ပဲခူးမြို့နေ ဖမ်းဆီးရန်ကျန် **ကိုကျော်**တို့ ငါးဦးသည် ရန်ကုန်မြို့နေ ဖမ်းဆီးရန်ကျန် **နေလ**၊ ပဲခူးမြို့နေ ဖမ်းဆီးရန်ကျန် **ကုလားကြီး၊ ကိုပိုင်**၊ မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် **ဂျိုကာ**၊ ညောင်လေးပင်မြို့နေ ဖမ်းဆီးရန်ကျန် **မစ်ကီ**တို့နှင့် ချိတ်ဆက်၍ မြဝတီမြို့မှ ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်/ ခဲယမ်းများကို ဂက်စ်အိုးများ အတွင်းထည့်၍ လည်းကောင်း၊ မော်တော်ယာဉ်အောက် ကြမ်းခင်းနှင့် တံခါးဘေး အံဝှက်များအတွင်း၌ လည်းကောင်း၊ စပါးသယ်ယာဉ်ဖြင့် စပါးအိတ်များအတွင်း၌ လည်းကောင်း သိုဝှက်၍ ခရီးသည်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ထက်လင်းဦး(ခ)အိုဝမ်း**၏ ထွက်ဆိုချက်အရ **မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ**နှင့် ဖမ်းဆီးရန်ကျန် **စိုးကြီး**တို့သည် ဘုရားသုံးဆူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် **ဦးကျော်**ထံမှ သိမ်းဆည်းရမိသည့် ပစ္စတိုတစ်လက်နှင့် ပွိုင့် ၃၈၀ ကျည်တောင့် ၅၀ တို့ကို ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် **မျိုးကိုနှင့် ရဲထွဋ်**တို့၏ စေခိုင်းမှုဖြင့် **ခန့်လင်းနိုင်(ခ)ကိုခန့်၊ မြတ်ကိုကိုလင်း(ခ) မင်းဘုန်းမဟာ**တို့ နှစ်ဦးသည် လက်လုပ်မိုင်းများ ပြုလုပ်ပြီး ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်နှင့် ကဝ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသို့ ပြန်လည်ဖြန့်ဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပဲခူးမြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်း ၉ ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖောက်ခွဲမှုများအနေဖြင့်–






၂၀၂၂ ခုနှစ် မတ် ၁၄ ရက်တွင် ပဲခူးမြို့ ရှင်စောပု ရပ်ကွက်ရှိ မြဝတီဘဏ် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပဲခူးမြို့ ဈေးပိုင်း ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ပဲခူးမြို့ ပုဏ္ဏားစု ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီဝင်၏ နေအိမ်သို့ လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ပဲခူးမြို့ ပုဏ္ဏားစု ရပ်ကွက် မြို့ရိုးကုန်း ဟင်းသီးဟင်းရွက်ဈေးတန်း၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ပဲခူးမြို့နယ် ငွေ့တန်းရှည်ကျေးရွာ၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပဲခူးမြို့ ဟံသာဝတီရပ်ကွက် ပဲခူးတိုင်း စည်ပင်သာယာရေးရုံးဝင်း၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

- **ဝေယံလွင်**သည် မတ် ၁၄ ရက်တွင် ပဲခူးမြို့ မြဝတီဘဏ်သို့ လည်းကောင်း၊ မေ ၄ ရက်တွင် ပဲခူးမြို့ ဟံသာဝတီဘောလုံးကွင်းကိုလည်းကောင်း၊ ဇွန် ၆ ရက်တွင် ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ ပဲခူးတိုင်း စည်ပင်သာယာရေး အဖွဲ့ရုံးကို လည်းကောင်း လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- **ဝေယံလွင်နှင့် အောင်ပြည့်ခန့်**တို့ နှစ်ဦးသည် ဇူလိုင် ၄ ရက်တွင် ပဲခူးမြို့ ဈေးပိုင်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးနှင့် ဟံသာဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ပြီး **ရန်နိုင်**နှင့် ဖမ်းဆီးရန်ကျန် **ငြိမ်းချမ်း**တို့မှ လုံခြုံရေးအဖွဲ့ဝင်များ၏ အခြေအနေကို စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၀ ရက်တွင် **စည်သူကျော်**နှင့် ဖမ်းဆီးရန်ကျန် **အောင်ညီညီသွင်**တို့ နှစ်ဦးသည် ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိစည်ပင်သာယာရေး အဖွဲ့ရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- နိုဝင်ဘာ ၁ ရက်တွင် ဖမ်းဆီးရန်ကျန် **သီဟနောင်နောင်(ခ) နောင်နောင်**သည် ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်ရှိ ပြည်ခိုင်ဖြိုးပါတီဝင် ဦးအောင်ဌေး၏ နေအိမ်ကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- နိုဝင်ဘာ ၁၂ ရက်တွင် **ရဲနောင်**သည် ပဲခူးမြို့ ဥသ္သာမြို့သစ် ရပ်ကွက်ကြီး(၂) အုပ်ချုပ်ရေးမှူးရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- နိုဝင်ဘာ ၂၄ ရက်တွင် ဖမ်းဆီးရန်ကျန် **သီဟနောင်နောင်(ခ) နောင်နောင်**သည် ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်ရှိ မြို့ရိုးကုန်း ဟင်းသီးဟင်းရွက်ဈေးတန်းကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ပဲခူးမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ၏ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ပြုလုပ်ခြင်းအား ဖမ်းဆီးရန်ကျန် **ဇေလတ်** (NLD ပါတီ၊ ပဲခူးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း)က နောက်ကွယ်မှ ထောက်ပံ့၍ စေခိုင်းနေခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ❖ တံတားဦးမြို့နယ်မှ

မမိုးမြင့်လှိုင်၏ ထွက်ဆိုချက်အရ အဆိုပါ ဒီတိုနေတာများကို သယ်ဆောင်ခိုင်းခဲ့သည့် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက် ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အိမ်အမှတ်(၄၀)နေ မအေးအေးချစ်(ခ)ဘုတ်ဆုံမ (၃၉)နှစ် (ဘ)ဦးသိန်းချစ်နှင့် သယ်ဆောင်လာသည့် ဒီတိုနေတာများကို လွှဲပြောင်းလက်ခံပေးမည့် ဆင်သေကျေးရွာနေ မမိုးမြင့်လှိုင်၏ မိခင်ဖြစ်သူ ဒေါ်လောဟွေ(ခ)ဒေါ်ကြောင်ဖဟွေ(ခ)ဒေါ်တင်သိန်း(၆၃) နှစ်တို့ကို ၎င်းတို့၏ နေအိမ်အသီးသီးတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ထပ်မံဖမ်းဆီးရမိသူ မအေးအေးချစ်(ခ)ဘုတ်ဆုံမ၏ ထွက်ဆိုချက်အရ ညနေ ၄ နာရီခွဲတွင် ၎င်း၏နေအိမ်သို့ ဒီတိုနေတာများ ထပ်မံလာရောက်ပို့ဆောင်သူ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအရှေ့ရပ်ကွက် အမြောက်တန်းဗလီဝင်းနေ ဦးသိန်းထွန်း(၄၇)နှစ် (ဘ) ဦးသိန်းမောင်နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ဖြူဝင်း(ခ)ဇိုင်တွန်ပီ (၄၂)နှစ် (ဘ)ဦးမြင့်ဦးတို့ကို ဒီတိုနေတာကတ်သီး တစ်ဘူးလျှင် ၁၀၀ ပါ ၁၀ ဘူး စုစုပေါင်း ၁၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အထက်ပါအကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနေတာများ သယ်ယူပို့ဆောင်ခဲ့သည့် ဖမ်းဆီးရမိသူ တရားခံများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



(ဝဲမှယာ) တရားခံ မိုးမြင့်လှိုင်၊ အေးအေးချစ်(ခ) ဘုတ်ဆုံမ၊ သိန်းထွန်း၊ ခင်ဖြူဝင်း(ခ)ဇိုင်တွန်ပီ






# သာပေါင်းမြို့ အမှတ်(၁)ရပ်ကွက် ရွှေညောင်ပင်တန်းလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ အမှတ်(၁) ရပ်ကွက် ရွှေညောင်ပင်တန်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး(ယာပုံ) လမ်းကို ဖြတ်သန်းကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုဝင်ဘာလတွင် ဆောင်းခိုငှက်နှင့် ဌာနေငှက်မျိုးစိတ် ၁၀၆ မျိုးမှ ကောင်ရေ ၁၀၃၅၉ ကျော် အင်းလေးကန်သို့ ဝင်ရောက်ကျက်စား

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ၏ တောင်ပေါ်ဒေသဖြစ်သော ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားရာ အင်းလေးကန် ဘေးမဲ့တောသို့ နိုဝင်ဘာလတွင် ဆောင်းခိုငှက်နှင့် ဌာနေမျိုးစိတ် ၁၀၆ မျိုးမှ ကောင်ရေ ၁၀၃၅၉ ကောင် ဝင်ရောက်ခဲ့ပြီး ဒီဇင်ဘာလတွင်လည်း ဆက်လက်ဝင်ရောက်ကျက်စားလျက်ရှိသည်။



ယခုနှစ် ဆောင်းရာသီတွင် အင်းလေးကန် ဘေးမဲ့တောနယ်မြေသို့ ဆောင်းခိုငှက်များ နိုဝင်ဘာလမှစ၍ ဝင်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဆောင်းခိုငှက် ရေပျော်မျိုးစိတ်ပေါင်း ၃၀ မှ ကောင်ရေ ၂၉၈၅ ကောင်၊ ဒေသမျိုးရင်းငှက်မျိုးစိတ် ၈၂ မျိုးမှ ကောင်ရေ ၂၀၉၄ ကောင်၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဆောင်းခိုငှက် မျိုးစိတ် ၃၁ မျိုးမှ ကောင်ရေ ၅၉၆၁ ကောင်၊ ဒေသမျိုးရင်းငှက်မျိုးစိတ် ၅၈ မျိုးမှ ကောင်ရေ ၄၅၄၇ ကောင်၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဆောင်းခိုငှက်မျိုးစိတ် ၄၅ မျိုးမှ ကောင်ရေ ၅၂၄၈ ကောင်၊ ဒေသမျိုးရင်းငှက်မျိုးစိတ် ၆၁ မျိုးမှ ကောင်ရေ ၅၁၁၁ ကောင် အသီးသီးဆောင်းခိုခဲ့သည်။ ရေပျော်ငှက်မဟုတ်သော အခြား ဆောင်းခိုငှက်များအနေဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ငှက်မျိုးစိတ် ၂၇ မျိုးမှ ကောင်ရေ ၁၀၆၁ ကောင်၊ ၂၀၂၀ ပြည့်နှစ်တွင် ငှက်မျိုးစိတ် ၂၁ မျိုးမှ ကောင်ရေ ၂၈၇၅ ကောင်နှင့် ၂၀၂၁ ခုနှစ်တွင် ငှက်မျိုးစိတ် ၂၅ မျိုးမှ ကောင်ရေ ၁၈၈၄ ကောင်ဖြင့် ဝင်ရောက်ကျက်စားခဲ့သည်။

အင်းလေးကန် ဘေးမဲ့တောသို့ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်များ ဒီဇင်ဘာလအတွင်း ဆက်လက်ဝင်ရောက်ကျက်စားလျက်ရှိပြီး ခရုတုတ်နှင့် ခရုစုတ်ငှက်များ ကောင်ရေ ၃၀၀၀ ကျော်ခန့် ယခင်နှစ်ထက် ပိုမိုဆောင်းခိုလျက် ရှိသည်။ အင်းလေးကန် ဧရိယာတွင် တောရိုင်းတိရစ္ဆာန် နေရင်းဒေသပြန်လည် တည်ထောင်ခြင်း စီမံကိန်းကို ၂၀၁၉-၂၀၂၀ မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ ၁၀ နှစ် စီမံကိန်းအဖြစ် လည်းကောင်း၊ အင်းလေးကန် ရေဝေရေလဲဒေသ စီမံကိန်းပထမ ၁၀ နှစ်အား ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းလျာထားချက်များ ဖြစ်သည့် မျိုးစိတ်ထိန်းသိမ်းခြင်းလုပ်ငန်း၊ တရားမဝင် ခြိမ်းခြောက်မှုများ ကာကွယ်တားဆီးခြင်း၊ အင်းလေးကန်အတွင်း ရေပြင်ဧရိယာလျော့မှုမဖြစ်စေရန် ထိန်းသိမ်းခြင်း၊ ကန်ရေပြင် သန့်ရှင်းသာယာလှပရေး ဆည်မြောင်းဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငါးနှင့် ငှက်မျိုးစိတ်များ စားကျက်ကာကွယ်ခြင်းနှင့် သားပေါက်နယ်မြေ ကာကွယ်တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန် ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေဝပ်ဒေသဂေဟစနစ်အား ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အင်းလေးကန် ဘေးမဲ့တောသည် နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးတွင် အရေးကြီးသောကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) အဖြစ် သတ်မှတ်ခဲ့ပြီး အင်းလေးကန် ဘေးမဲ့တောနယ်မြေအတွင်း လူသားနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီညီ အတူယှဉ်တွဲနေထိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်တွင် အင်းလေးကန်ဒေသအား ဇီဝအဝန်းနယ်မြေ (Inlay Lake Biosphere Reserve) အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ အင်းလေးကန်သည် ဘူမိရုပထူးခြားသော အမြင့်ပိုင်းတွင် တည်ရှိသောကြောင့် အင်းလေးကန် ရေဝပ်ဒေသအား ၂၀၁၈ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် အင်းလေးကန် (Inlay lake Ramsar Site) အဖြစ် သတ်မှတ်တည်ထောင်ခဲ့ပြီး ရာသီအလိုက် ရွှေ့ပြောင်းကျက်စားလေ့ရှိသော မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်များ ကျက်စားသားပေါက်ရာ ဒေသဖြစ်သောကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အရှေ့အာရှငှက်များ ပျံသန်းရာလမ်းကြောင်း (East Asian Australian Flyway Net Work Site) အဖြစ် သတ်မှတ်ထားသော ဒေသဖြစ်သည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ဖွဲ့စည်းစဉ်က ဧက ၁၅၈၇၂၀ ကျယ်ဝန်းပြီး လက်ရှိတွင် ၁၃၁၈၈၄ ဧကခန့် ကျယ်ဝန်းသည်။ ယခုနှစ် ဆောင်းခိုငှက်များ အင်းလေးကန် ဧရိယာသို့ နိုဝင်ဘာလတွင် ဦးစွာဝင်ရောက်ခဲ့ပြီး ရေပျော်ဆောင်းခိုငှက်နှင့် ဌာနေငှက်မျိုးစိတ်ပေါင်း ၁၀၆ မျိုးမှ ကောင်ရေ ၁၀၃၅၉ ကောင် ဝင်ရောက်ကျက်စားလျက်ရှိကာ ဒီဇင်ဘာလတွင်လည်း ဆက်လက်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၂၁**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မူလတန်းအဆင့် ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြိတ်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မူလတန်းကျောင်းသား ကျောင်းသူလေးများက အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ခုန်ပြိုင်ပွဲ၊ ပူပေါင်းဖောက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲတို့ကို ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စက္ကူအရုပ်ခေါက်နည်း သင်ကြားပြသပေးကာ ပြိုင်ပွဲများ၌ ဆုရရှိသူများကို တာဝန်ရှိသူများက ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စကားပုံဆက်ပြိုင်ပွဲ ကျင်းပ

**ပေါက်တော ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စကားပုံဆက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါစကားပုံဆက်ပြိုင်ပွဲတွင် အထက(ပေါက်တော)မှ ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အချိုရည်၊ မုန့်များဖြင့် ဧည့်ခံကျွေးမွေး၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်တော(ပြန်/ဆက်)**



# မုဒုံမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အားကစားပြိုင်ပွဲကျင်းပ

**မုဒုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လွတ်လပ်ရေးနှင့်ပတ်သက်သည့် မှတ်သားစရာများ၊ တိုင်းရင်းသားခေါင်းဆောင်များ၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာဖြင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများ၊ ရရှိထားသော လွတ်လပ်ရေးအား အလေးထားတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား စာအုပ်စာပေများကို တန်ဖိုးထားတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ခင်းကျင်းပြသထားသည့် စာအုပ်/စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြပြီး ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများကို ကျင်းပကာ ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ**

**(ပြန်/ဆက်)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဘားအံပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံပညာရေး ဒီဂရီကောလိပ်တွင် လုပ်ငန်းခွင် အကြို မူလတန်းဆရာအတတ် ပညာသင်တန်း PPTT (၇/၂၀၂၀) မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါကောလိပ် သီရိခန်းမ၌ ကျင်းပသည်။

**ပါတီနိုင်ငံရေးကင်းရှင်း**

မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျောင်းသားသူငယ်လေးများအား စာပေနှင့် တစ်ခုတည်းသာမက လိမ္မာရေးခြားရှိစေရေး၊ ဘက်စုံထူးချွန်သူများဖြစ်လာရေးကို လေ့ကျင့်သင်ကြား ပေးနိုင်ရေးအတွက် ယခုမှစ၍ ကြိုတင်ပြင်ဆင်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ သိရှိစောင့်ထိန်းရမည့် ကျင့်ဝတ်များကို စောင့်သိရိုသေခြင်း၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာခြင်း၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်း စသည့်ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာ၍ ပါတီနိုင်ငံရေး ကင်းရှင်းပြီး ဝန်ထမ်းကောင်းဘဝကို ခံယူကြစေလိုကြောင်း၊ အစဉ်အမြဲသင်ယူလေ့လာနေမည့် Life-Long-Learner ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာ သင်တန်း (၇/၂၀၂၀) တွင် ကရင်ပြည်နယ် အတွင်းရှိ ဒေသခံ အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ၁၇၀ စုစုပေါင်း ၁၉၉ ဦး တက်ရောက်လျက်ရှိကာ ပညာရေး ဘာသာရပ် နှစ်ခု၊ သင်ပြနည်းဘာသာရပ် ငါးခု၊ ICT နှင့် ဖွံ့ဖြိုးရေးဘာသာရပ် ခြောက်ခု တို့ကို ယခင်သင်တန်း များအတိုင်း သင်ရိုးကုန်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းဆုံးစစ်ဆေးခြင်းစာမေးပွဲအပြီးတွင် အခြေခံပညာကျောင်းများ၌ လက်တွေ့တန်းပြအနေဖြင့် ၄၅ ရက် သွားရောက် သင်ကြားပြီးမှသာ သင်တန်းပြီးမြောက်မည်ဖြစ်သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ထားဝယ်တက္ကသိုလ်၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးလှုပ်ရှားမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၂၁**

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး လှုပ်ရှားမှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် သမိုင်းဌာနပါမောက္ခ ဒေါက်တာသင်းသင်းထွန်းက နိုင်ငံသားတိုင်းတွင်ရှိရမည့် အခြေခံစိတ်ဓာတ်၊ ဘာသာလူမျိုးအသားအရောင်မခွဲ၊ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ မိမိစာပေနှင့် လူမျိုးယဉ်ကျေးမှုတို့ကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်လူမျိုးကောင်းစားသည်ကို မြင်လိုသော စိတ်ရှိရမည်ဖြစ်ကြောင်းနှင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်အကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ သမိုင်းဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာနှင်းမာခင်က မိမိ၏အမျိုးနှင့်မိမိနိုင်ငံကို ချစ်ခင်မြတ်နိုးခြင်း၊ ချစ်ခင်မြတ်နိုးသည်နှင့်အမျှ မပျောက်မပျက်မပြိုကွဲသွားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသောစိတ်၊ အမျိုးနှင့်တိုင်းပြည်ကို စော်ကားကျူးကျော်လာလျှင် အရှုံးမပေးဘဲအသက်ပေး ကာကွယ် တိုက်ဖျက်လိုသော စိတ်၊ စည်းလုံးညီညွတ်စွာ နေထိုင်တတ်ခြင်း ရှိရမည်ဖြစ်ကြောင်းနှင့် မြန်မာ့သမိုင်းကြောင်း တစ်လျှောက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး လှုပ်ရှားမှုများအကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများက မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်အကြောင်း၊ မြန်မာ့သမိုင်းကြောင်း တစ်လျှောက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးလှုပ်ရှားမှုများအကြောင်းအရာများကို စကားဝိုင်းအဖြစ် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကေကေအယ်လ်(ထားဝယ်)**



# ယဉ်ကျေးလိမ္မာအစပြု မနောကံယဉ်ကျေးမှု(၂)

ဦးမင်းဟန်(ဘီအေ)

"မြေးတို့ မနေ့ကပြောခဲ့တာတွေ အိမ်မှာပြန်ဖတ်ခဲ့ကြသေးလား။"

"ဟုတ်ကဲ့ဘိုးလေး ဖတ်ခဲ့ပါတယ်။"

"အေးကွယ် ဒါဆို မနောကံသုံးပါးကို ရွတ်ဆိုကြည့်ကြပါဦး။"

"နံပါတ်(၁) အဘိဇ္ဈာဒ(အဘိတ်ဇာဒ)၊ နံပါတ်(၂) ဗျာပါဒ၊ နံပါတ်(၃) မိစ္ဆာဒိဋ္ဌိ(မိတ်ဆာဒိတ်ထိ) တို့ဖြစ်ပါတယ်။"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးက ညီညာစွာဖြင့် သံပြိုင်ရွတ်ဆိုလိုက်ကြသည်။

"မြေးတို့က တယ်တော်ကြပါလား၊ အသံထွက်မှန်အောင်လည်းရွတ်ဆိုနိုင်ကြတာပဲ။ ဝမ်းသာတယ်ကွယ်။"

မောင်ထူးတို့သုံးဦး၏ မနောကံသုံးပါးရွတ်ဆိုအပြီးမှာ ဘိုးလေးကြွက်က ကြည်နူးကျေနပ်စွာဖြင့် ပြုံးရင်းချီးကျူးစကားပြောလိုက်ခြင်းဖြစ်သည်။

"မနောကံသုံးပါးကို ပါဠိရော၊ အနက်အဓိပ္ပာယ်ရော အိမ်မှာ သုံး၊ လေးခေါက်လောက်တော့ ပြန်ဖတ်ဖြစ်ပါတယ် ဘိုးလေး။"

"မြေးကတော့ ပူစူးမကိုမမီပါဘူးဘိုးလေးရာ၊ နှစ်ခေါက်လောက်ပဲ ပြန်ဖတ်ဖြစ်တယ်။"

"ပူစူးမတို့၊ မောင်ထူးတို့ထက် မြေးကတော့ပိုပါတယ်။ ငါးခေါက်တိတိ ပြန်ဖတ်ဖြစ်ပါတယ် ဘိုလေး။"

"လိမ္မာလိုက်ကြတာကွယ်။ မြေးတို့အားလုံး လိမ္မာကြပါပေတယ်။ ပြန်ဖတ်ဖြစ်တယ်ဆိုတာကိုက မြေးတို့ စိတ်ဝင်စားတယ်၊ လေးစားလိုက်နာတယ်၊ ကြိုးစားချင်စိတ်အပြည့်အဝရှိတယ်ဆိုတာ သက်သေပြနေတာပဲ။ ဒီတော့ မနောကံသုံးပါးရဲ့ အနက်အဓိပ္ပာယ်တွေကိုလည်း မြေးတို့ ကောင်းကောင်းပြန်ပြောနိုင်ကြမှာပေါ့နော်။"

"ဟုတ်ကဲ့ဘိုးလေး ပြောနိုင်ပါတယ်။"

"အေးကွယ်၊ အေးအေး။ မနောကံသုံးပါးရဲ့ အဓိပ္ပာယ်တွေကို ပြန်ပြီးရွတ်ဆိုလိုက်ကြပါဦး။"

"နံပါတ်(၁) အဘိဇ္ဈာဒဆိုတာ သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို မိမိပိုင်ဖြစ်အောင် မတရားကြံစည်တာ။ နံပါတ်(၂) ဗျာပါဒရဲ့အဓိပ္ပာယ်ကတော့ သူတစ်ပါးကိုသေကျေပျက်စီးအောင် ကြံစည်မှုဖြစ်ပါတယ်။ နံပါတ်(၃) မိစ္ဆာဒိဋ္ဌိကတော့ ကံ- ကံ၏အကျိုးကို မရှိဘူးဆိုပြီး အယူမှားတာကိုပြောတာပါ ဘိုးလေး"

"သာဓုကွယ်- သာဓု၊ သာဓု၊ မြေးတို့အားလုံး မှတ်ဉာဏ်ကောင်းကြပါတယ်။ ကြိုးစားသင်ယူလိုစိတ်လည်းရှိကြတယ်။ လိုက်နာမှတ်သားမှုအားလည်း ကောင်းတယ်။ အဲဒီလို လိမ္မာပြီးတော်ကြတဲ့ မြေးတို့ကို ဘိုးလေးက ယဉ်ကျေးလိမ္မာပုံပြင်စာအုပ်တစ်အုပ်စီ လက်ဆောင်ပေးမယ်။"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဘိုးလေး။ မြေးတို့က ပုံပြင်ဖတ်ရတာလည်းကြိုက်ပါတယ်။" ဘိုးလေးကြွက်၏ စကားအဆုံးမှာ ပူစူးမက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"မြေးတို့နှစ်သက်ကြမယ်ဆိုတာ ဘိုးလေးသိပါတယ်။ မြေးတို့အရွယ်တွေ ဖတ်သင့်မှတ်သင့်၊ နားလည်နေသင့်တဲ့ ယဉ်ကျေးလိမ္မာနဲ့ဆက်စပ်တဲ့ ဇာတ်နိပါတ်တော်ပုံပြင်တွေ၊ စကားပုံတွေ၊ လောကကျင့်ဝတ်တွေကို ရှင်းရှင်းလွယ်လွယ်နဲ့ ဖတ်လို့ကောင်းအောင် စာရေးဆရာတွေက သီကုံးထားကြတာပေါ့။ ဖတ်ရတာ လွယ်ကူချောမောတယ်၊ ရှင်းလင်းထိမိတယ်၊ စကားပြေလည်း ပြေပြစ်တယ်။ မြေးတို့အရွယ်ကလေးတွေနဲ့ သင့်တော်တာပေါ့ကွယ်။"

"ဘိုးလေးပြောတာနဲ့တင် မြေးတို့က ဖတ်ချင်လာပြီနော်။"

"မောင်ထူးရာ မင်းကလည်း ဘိုးလေးကပေးပါ့မယ်လို့ပြောထားတာတောင် အခုချက်ချင်းကို ဖတ်ချင်နေပြီလား။"

"ဘိုးလေးက ညွှန်းနေမှတော့ ပူစူးမလည်း ဖတ်ချင်လာပြီပေါ့ကိုဦးရဲ့၊ ကိုဦးကကော မဖတ်ချင်ဘူးလား ပြောလေ။"

"အမှန်အတိုင်းပြောရရင်တော့ ဖတ်ချင်နေပြီပေါ့။ ဘိုးလေးပေးမယ့် ယဉ်ကျေးလိမ္မာပုံပြင်စာအုပ်ကို လိုချင်နေပြီပေါ့ဟာ။"

မောင်ထူးတို့သုံးဦး၏ အပြန်အလှန်စကားများကို ဘိုးလေးကြွက်က နားစွင့်ရင်း သဘောတကျဖြင့် ဆက်ပြောသည်။

"ပေးမှာပါ မြေးတို့ရဲ့။ စာအုပ်တွေက ဒီမှာ ပါပါတယ်။ မြေးတို့ပြန်ခါနီးမှပေးမလို့လေ။ ပုံပြင်စာအုပ်အရင်ပေးလိုက်ရင် ပြောလက်စဖြစ်နေတဲ့ မနောကံယဉ်ကျေးမှုအကြောင်းတွေ နှောင့်နှေးနေမှာပေါ့ကွယ်။"

"ဟုတ်ကဲ့ပါ ဘိုးလေး။"

"အခုပဲမြေးတို့မှာ ဒီပုံပြင်စာအုပ်ကို လိုချင်တဲ့စိတ်၊ ဖတ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပြီမဟုတ်လား။"

"ဟုတ်ပါတယ် ဘိုးလေး။"

"အေးပေါ့ - လိုချင်တယ်၊ ဖတ်ချင်တယ်ဆိုတာ စိတ်ကအရင်ဖြစ်ပေါ်တာပေါ့။ စိတ်ထဲကနေ ဒီပုံပြင်စာအုပ်ကို လိုချင်လာပြီ၊ ဘိုးလေးက ပေးမယ်ပြောတယ်။ အခုထိလည်းမပေးသေးဘူး။ ပုံပြင်တွေကို ဖတ်ချင်နေပြီ။ အဲဒါလည်း စိတ်ကပဲ စတင်ဖြစ်လာတာလေ။ အဲဒါကြောင့် အရာရာကို စိတ်ကပဲဦးဆောင်နေတာလို့ ပြောချင်တာ။ လိုချင်တယ်။ ဖတ်ချင်တယ်ဆိုတဲ့ ဆန္ဒဖြစ်ပေါ်အောင် စိတ်ကနေ ကြံစည်နှိုးဆော်နေတာဖြစ်တယ်။"

"ဘိုးလေးရေ-အဲဒီလိုဖြစ်တာ မနောကံအပြစ်ကို ကျူးလွန်မိတာလား။"

"အခုအချိန်၊ အခုဖြစ်ပေါ်တဲ့ဆန္ဒ အရတော့ မနောကံအပြစ်ကို ကျူးလွန်တာမဖြစ်သေးပါဘူး။"

"ဝူး…တော်ပါသေးရဲ့၊ အပြစ်များကျူးလွန်မိပြီလားလို့။"

"အပြစ်မဖြစ်သေးပါဘူး ပူစူးမရယ်။ အကြောင်းက ရှိသေးတာကိုး။ ဒီပုံပြင်စာအုပ်ကို ဘိုးလေးကပေးမယ် ဆိုလို့ရယ်၊ ဒီစာအုပ်ထဲကပုံပြင်တွေ ဖတ်လို့ကောင်းကြောင်း၊ မြေးတို့အရွယ်တွေနဲ့ သင့်တော်ကြောင်း၊ ဘိုးလေးကပြောလို့ မြေးတို့က ဒီပုံပြင်စာအုပ်ကို လိုချင်သွားတာ။ ပုံပြင်တွေကို ဖတ်ချင်လာတာလေး ဆန္ဒကိုနှိုးဆော်ပေးသလိုဖြစ်ရလို့ လိုချင်မှုဖြစ်ရတာပါ။ ဒီပုံပြင်စာအုပ်ရဲ့ ပိုင်ရှင်ဖြစ်တဲ့ ဘိုးလေးမသိအောင် တိတ်တစိတ် လိုချင်နေတာမှ မဟုတ်တာ။"

"ဟုတ်ကဲ့ဘိုးလေး၊ မှတ်သားထားပါ့မယ်။"

"ဒီပုံပြင်စာအုပ်တွေကို ဘိုးလေးက အပိုင်မပေးဘဲ မြေးတို့က ဖတ်ချင်လို့ ဘိုးလေးမသိအောင် ယူသွားတာပဲဖြစ်ဖြစ်၊ ဘိုးလေးဆီကနေ ခဏငှားသွားတာပဲဖြစ်ဖြစ် ယူသွားပြီးမှ မေ့နေဟန်ဆောင်ပြီး ပြန်မပေးရင်၊ ဒါမှမဟုတ် ပြန်ပေးရမှာကို သဘောရိုးနဲ့ မေ့နေတာမျိုးဖြစ်ရင် အကြောင်းအမျိုးမျိုးကြောင့် ဘိုးလေးပိုင်တဲ့ပုံပြင်စာအုပ်ကို မြေးတို့အနေနဲ့ ရယူပိုင်ဆိုင်လာအောင် တစ်နည်းနည်းနဲ့ လုပ်ဆောင်မိတယ်ဆိုရင်တော့ မနောကံအပြစ်ကို ကျူးလွန်မိတော့တာပေါ့။"

"ဟုတ်ကဲ့ဘိုးလေး။"

"အမှတ်မထင် ဖြစ်တတ်တာတွေပေါ့ကွယ်။ စာအုပ်ကိုခဏငှားပြီး ပြန်မပေးမိကြတာတွေကတော့ ဖြစ်ရိုးဖြစ်စဉ်သဘောမျိုးလို့တောင် ပြောရမလိုပါဘဲ၊ ဖြစ်နေကျတွေများပါတယ်။ ဒါပေမယ့် သတိထားရမယ်။ တန်ဖိုးမများဘူးဆိုပေမယ့် အဲဒါက သူတစ်ပါးပစ္စည်းဥစ္စာကို မိမိပိုင်ဖြစ်အောင် မတရားကြံစည်တဲ့သဘော သက်ရောက်သွားတယ်။"

"ဒါဆိုရင်တော့ မနောကံသုံးပါးထဲက နံပါတ်တစ်ဖြစ်တဲ့ အဘိဇ္ဈာဒရဲ့ အဓိပ္ပာယ်နဲ့အတူတူဖြစ်လို့ မနောကံအပြစ်ကို ကျူးလွန်မိတာပေါ့နော်ဘိုးလေး။"

"ဟုတ်ပ့ါဗျာ၊ ပူစူးမပြောတာ သိပ်မှန်တာပေါ့။ ဒါမျိုးတွေက အမှတ်မထင်ဖြစ်တတ်တာတွေပေါ့။ သတိမထားရင် ဖြစ်သွားတတ်တယ်။ အတော်ကို သတိထားပြီး ဆင်ခြင်ကြရမှာ မြေးတို့ရဲ့။"

"ဟုတ်ကဲ့၊ မှတ်သားထားပါ့မယ် ဘိုးလေး။"

"ဒါမျိုးကို အသေးအဖွဲလေးပါဆိုပြီး ပေါ့ပေါ့တွေးရင် အပြစ်ကမနေဘူးနော်။ မြေးတို့အားလုံး မှတ်သားလိုက်နာ ဆင်ခြင်ကြရမှာ။"

"ဟုတ်ကဲ့ဘိုးလေး၊ မြေးတို့အားလုံး အမြဲသတိထားပြီး ဆင်ခြင်ကြပါ့မယ်လို့ ကတိပေးပါတယ်။"

"သာဓုကွယ် – သာဓု၊ သာဓု။ လိုက်နာမှတ်သားနိုင်ကြတာ ကျေးဇူးတင်ပါတယ်။ မြေးတို့အားလုံး ပညာတတ်ကြီးတွေဖြစ်ကြပြီး သက်ရှည်ကျန်းမာကြပါစေကွယ်။"

"ပေးတဲ့ဆုနဲ့ ပြည့်ဝပါရစေ။"

"ပြည့်ပြည့်ဝဝ ရရှိကြမှာပါကွယ်။"

ဘိုးလေးကြွက်က ပြောပြောဆိုဆိုဖြင့် မောင်ထူးတို့သုံးဦးအား လက်ဆောင်ပေးမည်ဟု ပြောထားသည့် ယဉ်ကျေးလိမ္မာပုံပြင်စာအုပ် တစ်အုပ်စီကို ကမ်းပေးလိုက်လေတော့သည်။ ။

# အားနည်းတဲ့သူ ကူညီကြင်နာ

"ဘယ်လိုလဲကွ မောင်သီဟရဲ့၊ မင်းလူတွေ ခုထိ မလာကြသေးပါလား …"

"ကိုအောင်ဘုတို့ကို ပြောတာလား ဘဘ"

"အေး … ဟုတ်တယ်"

"ဟုတ်ပ့ါ၊ ခါတိုင်း အခုလို နောက်မကျဖူးပါဘူး။ အခုဟာက…"

"ဟော … ပြောရင်းဆိုရင်းပဲဟော့။ ဟိုမှာ ပြေးလာကြတာ သူတို့အုပ်စုပဲ မဟုတ်လား။"

"ဟုတ်တယ်၊ ဟုတ်တယ် ဘဘရေ …၊ ရှေ့ဆုံးက ကိုအောင်ဘုပေါ့။ သူ့နောက်ကပ်ရက်က မမခင်စိန်လေ။"

"အမလေး ဘဘရဲ့ …၊ မောလိုက်တာဖြင့် အသက်တောင် ဘယ်လိုရှူရမလဲ မသိဘူး"

"နေပါဦး။ မခင်စိန်တို့က ဘာဖြစ်လာကြလို့လဲ။"

"သူပေါ့ ဘဘ၊ အောင်ဘုပေါ့ …၊ ညိုကြီးလည်း အတူတူပဲ။"

"ဟော့ … တို့နှစ်ယောက်ချည်း လွှဲမချနဲ့။ နင်နဲ့ ဝွက်ထော်လည်း အတူတူပဲဟာ။"

"ဒါက အောင်ဘုရယ်၊ နင် … ရှည်နေလို့ပါ။"

"နို့ … နေစမ်းပါဦးကွ၊ မင်းတို့က ဘယ်လို ဘယ်လို ဖြစ်လာလို့လဲ"

"ဒီလိုပါ ဘဘ၊ ကျွန်တော်တို့ ဒီကိုလာတော့ လှည်းလမ်းမဖုန်တောထဲမှာ လူကြီးတစ်ယောက် လဲနေတာကို ခင်စိန်ကတွေ့ရော၊ တွေ့တော့ ကျွန်တော့်ကို လှမ်းခေါ်တယ်"

"အောင်ဘုရေ … ဒီမှာ လူကြီးတစ်ယောက် လဲကျနေတယ်လို့၊ ခင်စိန်မက … ခင်စိန်မက"

"ဟုတ်ပါတယ်၊ ဆက်ပြောပါဦး။"




"ဒါနဲ့ ကျွန်တော်နဲ့ ညိုကြီး အဲဒီလူဆီ အပြေးသွားကြည့်တော့ လား လား . . . အဲဒီလူကြီးက …"

"ဟော့ … ငါ့ခါး၊ လူမရွေးဘူးကွ၊ ဘယ်ကောင်ကို ကြောက်ရမှာလဲ။ ဘာထင်တယ်၊ ညာထင်တယ်နဲ့" ဆိုတဲ့ပြီး သူ့လက်ဝါးကြီးကို ဓားလိုလုပ်ပြီး လှမ်းရွယ်လိုက်တယ်။ ကျွန်တော်တို့လည်း ကြောက်တာနဲ့ နောက်ဆုတ်ပြေးတော့တာ။ ဒီတွင်ညိုကြီးက ဒါ အရက်မူးနေတာ၊ မကြောက်နဲ့။ တို့ဝိုင်းဆွဲပြီး စရအောင်ဆိုတာနဲ့ ကျွန်တော်တို့နှစ်ယောက်ရော၊ ခင်စိန်မတို့ရော သူ့နားတိုးသွားကြတော့ ခင်စိန်မက ဟဲ့… အမယ်လေး အောင်ဘုရဲ့၊ လုပ်ပါဦး၊ ငါမကြည့်ရဲဘူးဆိုတော့မှ သူ့ပုဆိုးကြီးက ကွင်းလုံးကျွတ်လုလုကိုး၊ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် သူ့ကိုယ်ကြီးကို ဆွဲထူ၊ သူ့ပုဆိုးကို ပြန်ဝတ်ပေးနဲ့လုပ်၊ သူက ငါ့ခါးက လူမရွေးဘူးဆိုကာဆိုကာနဲ့ ဆဲပေ့ါ။ ဒီတော့ ခင်စိန်မနဲ့ ဝွက်ထော်တို့က … တခွီးခွီး၊ တဟီးဟီးနဲ့ ရယ်ကြတော့တာ။"

"ကျွန်တော်တို့က သူ့ကိုခြေကဆွဲလိုက်၊ လက်ကဆွဲလိုက်နဲ့ လုပ်ရင် … သူက လျှာလေး၊ အာလေးကြီးနဲ့ဆဲ၊ လက်ဝါးစောင်းနဲ့ ခုတ်လိုခုတ်နဲ့၊ သူကကုန်းထတော့လည်း မထနိုင်ရှာဘူး။ အတော့်ကို မူးနေတာ ဘဘရဲ့။"

"အင်း … နို့ … ဘယ်အရွယ်လောက်လဲ။"

"လေးဆယ်လောက် ရှိပုံရတယ်။ ရွာသားတော့ မဟုတ်ဘူး။ ရွာသားဆိုရင် သိမှာပေ့ါ"

"အေး … ခရီးသွား၊ ရွာနီးချုပ်စပ်ကပဲ နေမှာ၊ သူ့မှာဘာပစ္စည်းတွေ ပါသေးလဲ။"

"ဘာမှ ပါဟန်မတူဘူး။ လူက စုတ်ဖတ်ဖတ်ရယ်။"

"တော်သေးတာပေ့ါ။ တော်ကြာ သူ့ပစ္စည်းတွေယူတယ်၊ ဘာရယ်နဲ့ မင်းတို့ကို စွပ်စွဲနေဦးမယ်။"

"ဟုတ်ကဲ့ … အဲသလို ပျော်နေတုန်း အချိန်နောက်ကျမှန်းသိတာနဲ့ သူ့ကိုပစ်ထားခဲ့ပြီး ပြန်ပြေးလာကြတာ။ အဲ … အတော်လေးကြာမှ ဒီအတိုင်းထားရင် ဒီလူကြီးလှည်းကြိတ်သေမှာပဲဆိုတာကို စိုးရိမ်တာနဲ့ သူ့ဆီပြန်ပြေးကြပြီး ခေါင်းကခြေက ဝိုင်းမကြပြီး သစ်ပင်ရိပ်အောက်မှာ သိပ်ထားခဲ့တယ် ဘဘ"

"အေး … ကောင်းတယ်၊ အိပ်ပျော်ပြီး သူအမူးပြေရင် ထသွားမှာပေ့ါ။"

"သူ့ကို ကူညီတာ ကုသိုလ်ရလား ဘဘ။"

"ဟ… ရတာပေ့ါ။ ဒုက္ခရောက်သူတွေ့လို့ သနားပြီး ကူညီတာပဲဟာ။ သို့ပေမယ့် သူ့ကို စတာ၊ နောက်တာ၊ ပြောင်တာ၊ လှောင်တာတော့ မလုပ်ရဘူး။ ဒါ ကိုယ့်မှာ အကုသိုလ်အပြစ် ဖြစ်တယ်။"

"တကယ်တော့လည်း အရက်သေစာ မူးယစ်သောက်စားတာဟာ ဘုရားမကြိုက်တဲ့ အလုပ်ပဲကွ။ လူ့ပတ်ဝန်းကျင်မှာလည်း အတော့်ကို အရုပ်ဆိုးအကျည်းတန်စေတယ်။ သူ့အတွက်နဲ့ ဘေးလူတွေ တယ်ပြီး စိတ်ညစ်ရတယ်။

စာမျက်နှာ ၂၁ သို့ »»

# အပူဆုံးကို နိုင်တဲ့အပူ

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ



အပူဆိုရင် လူတွေက မကြိုက်ကြပါဘူး၊ လူလည်း မပူချင်၊ စိတ်လည်း မပူချင်ကြပါဘူး။ တချို့ကတော့ ခါးပူ၊ နားပူ မခံနိုင်ဘူးလို့ ပြောကြပါတယ်။ ခါးကလည်းပူ၊ နားကလည်းပူရတဲ့အထဲ စိတ်ပါပူလွန်းရင်တော့ နေဖို့တောင် မကောင်းတော့ဘူးလို့လည်း ငြီးတွားကြပါတယ်။

ဒီလိုစကားတွေနဲ့ အပူတွေကို ပြောခဲ့တော့ အပူဆိုတာ လူမကြိုက်တဲ့ အရာ တစ်ခုပဲလို့လည်း မြင်နိုင်ပါတယ်။ နောက်ပြီး ခန္ဓာကိုယ်၊ လူကောင်ကြီးရဲ့ ရာသီဥတုကြောင့် ခံရတဲ့အပူ၊ မကြားချင်တာတွေကြားရလို့၊ ဒေါသ၊ လောဘ၊ မောဟစိတ်ကို ပူလောင်စေတတ်တဲ့ ကိလေသာ ခတ်ဆိုး၊ ခတ်ညစ်အပူလို့ အပူ အမျိုးမျိုးကိုလည်း တွေ့မြင်နိုင်ပါတယ်။

ဒီအပူတွေထဲမှာ မပါသေးတဲ့ အပူတစ်မျိုး ရှိပါသေးတယ်။ လောကမှာကတော့ ကိလေသာထက်ပူတဲ့အပူ မရှိတော့ပါဘူးတဲ့၊ ဟုတ်ပါတယ်၊ ကိလေသာကို မီးနဲ့လည်းနှိုင်းထားပါတယ်။ ဒီမီးအပူ လောင်မြိုက်လို့ မွေး၊ အို၊ နာ၊ သေတွေဆက်ပြီး လောင်ကျွမ်းရတယ်လို့လည်း ပြောထားပါတယ်။

ဟုတ်ပါတယ်၊ ကိလေသာဆိုတာ ပူပန်စေတတ် နှိပ်စက်တတ်တဲ့ သဘောရှိပါတယ်၊ စိတ်ကိုပူပန်စေတာ ပူစေတာ ကိလေသာပါ။ စိတ်အေးအေးနေလို့ မဖြစ်အောင် အမြဲပူလောင်နေစေတာ၊ ရှို့မြိုက်တာက ကိလေသာပါ။ ကိလေသာ ရှိတဲ့လူတွေ၊ သတ္တဝါအားလုံးဟာ အမြဲတမ်း ပူပန်နေကြရပါတယ်၊ စိတ်အပူခံနေရပါတယ်။

နောက် ဒီကိလေသာကပဲ ဒီစိတ်ကို နှိပ်စက်တဲ့ အလုပ်နဲ့လိုက်ပြီး မပြတ်တရစပ် နှိပ်စက်နေပါသေးတယ်။ စိတ်ကို ပူပန်အောင်၊ အခံရခက်အောင် နှိပ်စက်နေတာ လုပ်နေတာဟာ ကိလေသာ အပူပါပဲ။

ဒီနေရာမှာ အပူတွေထက်အပူကို ပြောပြချင်တော့ နှိပ်စက်တဲ့သဘောကို အပူနဲ့တွဲပြီးပြောပြပါမယ်။

မိမိတို့ စိတ်အေးလက်အေး နေဖူးခဲ့ပြီလား၊ "တစ်လတန်သည် ၊ ဆယ်ရက်တန်သည်၊ တစ်ရက်တန်သည်ပေ့ါ"

နေဖူးဖို့မလွယ်ပါဘူး၊ တစ်ရက်ကို ခဏထားပြီးတစ်နေ့ကိုတစ်နာရီလောက်ဒါမှမဟုတ် နာရီဝက်၊ ဆယ့်ငါးမိနစ်လောက် စိတ်အေး လက်အေးနေဖူးပြီးပြီလား၊ မနေဖူးခဲ့သေးတာများပါတယ်။

"အရှင်ဘုရား၊ တပည့်တော်မဖြင့် ဒီအရွယ်ရောက်လာပြီ တစ်ခါမျှကို အေးအေးဆေးဆေး မနေရပါဘူးဘုရား၊ အရှင်ဘုရားရဲ့ ဒကာကြီးကဖြင့် အေးဆေးပေ့ါ။ ဘာအပူအပင်မျှ မရှိပါဘူး၊ ရေခဲတုံးပေါ် တက်ထိုင်ထားတဲ့ အတိုင်းပါပဲ"

"အင်း .... ကောင်းတာပေ့ါ"

"ဟင်–အရှင်ဘုရားကိုလာပြီး စစ်ကူတောင်း လျှောက်ထားမှပဲ၊ ဒကာကြီးဘက်ကလိုက်တယ်လို့ ဖြစ်သွားပြန်ပြီ၊ သူကနောင်ရေးဆို တစ်ခုမျှမပူပါဘုရား"

"အေး .... ကောင်းတာပေ့ါ"

"ဟာ... ဘယ်ကောင်းမလဲဘုရား၊ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုတာတွေ ရှိသေးတာပဲဘုရား"

"အဲဒါတွေကိုရော ဒကာကြီးက မလုပ်ဘူးလား"

"ဘယ်လုပ်မလဲဘုရား၊ သူက တပည့်တော်နဲ့ အိမ်ထောင်ကျကတည်းက ပေါ်ကြော့နေလာတာ၊ အရှင်ဘုရားတို့ အသိပဲလေ၊ အဲဒါကြောင့် အေးလွန်းတယ် ပြောတာပေ့ါဘုရား"

"ဟာ .... အဲဒါက အေးတာမှမဟုတ်တာ၊ ပျင်းတာ"

"ဟုတ်တယ်လေ၊ နောင်ရေးမပူလို့ ပျင်းတယ် ပြောချင်တာဘုရား"

"ဟာ .... ဟာ .... သွားမရောလိုက်ပါနဲ့ နောင်ရေးမပူတာက သပ်သပ်၊ ပူတာကသပ်သပ်၊ ပျင်းတာက သပ်သပ်၊ ကြိုးစားတာက သပ်သပ်"

"ဟင်း .... ရှုပ်ကုန်ပြီဘုရား၊ နောင်ရေးမပူရင် ပျင်းတာပဲ မဟုတ်လားဘုရား"

"အင်း .... အတော်ပဲ အဆင်ပြေတယ်ပြောရမယ် အခုပဲ ဒီအပူအကြောင်းတွေ စိတ်ထဲမှာ စဉ်းစားနေမိတာ၊ ဒကာမကြီး မရှုပ်အောင် ရှင်းပြပါမယ်"

"မှန်ပါ့ဘုရား"

"အပူဆိုတာက ရာသီဥတု အပူဆိုတာရှိတယ်။ ကိလေသာ အပူဆိုတာရှိတယ်၊ ရာသီဥတုအပူဆိုတာ ကိုယ်ခန္ဓာကောင်ကြီးကို ပူအောင် တိုက်ရိုက်လုပ်နိုင်တယ်၊ အေးအောင်လည်း လုပ်နိုင်တာပေ့ါ။ အမှန်ကတော့ လူပြောသူပြော အပူလည်း လောင်ပြီးပူတာပါပဲ၊ လူပြောသူပြော အအေးဆိုတာလည်း လောင်ပြီး အေးတာပါပဲ၊ လောင်တဲ့သဘောချင်းတော့ တူတူပေ့ါ"

"ဟင် ... ဘယ့်နှယ့်လောင်ပြီး အေးတာပါလဲဘုရား"

"အင်း .... ရှုပ်သွားပြီနဲ့တူတယ်၊ ပူတယ်ကို လောင်တယ်ဆိုတဲ့စကားနဲ့ လွှဲသုံးလိုက်မိတယ်၊ အပူနဲ့ကြုံလည်း ဒီခန္ဓာကိုယ် ဒုက္ခရောက်တယ်၊ လောင်လို့ပေ့ါ။ အအေးနဲ့ကြုံလည်း ဒီခန္ဓာကိုယ် ဒုက္ခရောက်တာပဲ၊ လောင်လို့ပေ့ါ"

"ဒီတော့ လူပြောသူပြော အပူအအေး အပြင် တေဇောဓာတ်လို့ခေါ်တဲ့ ပူလောင်မှုသဘော၊ ဒီသဘောနဲ့ ဆုံတိုင်းဆုံတိုင်း ဒီရုပ်ကောင်ကြီး ဒုက္ခရောက်တယ်လို့ ပြောချင်တာပါ"

"သြော် ဟုတ်ပြီ၊ ဟုတ်ပြီ သဘောပေါက်ပါ ပြီဘုရား" ။

"ကဲ ဆက်ကြဦးစို့ ရာသီဥတု အပူအအေး တေဇောမီးက ကိုယ်ကောင်ကြီးကိုလောင်တယ်၊ ပူစေတယ်၊ နောက်တစ်ခု လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာမီးက စိတ်ကိုလောင်တယ်၊ ပူစေတယ်လို့ အပူနှစ်မျိုး အရင်မှတ်ထားလိုက်ပါဦး"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ရဲရင့်သူတို့၏သတ္တိ စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာ မင်္ဂလာ

ဒဂုန်မောင်(ရန်ကုန်တက္ကသိုလ်)

**ဆက်ဆံရေးမင်္ဂလာ**

**လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊**
**မမှီဝဲနဲ့ ကင်းအောင်နေ၊**
**ပညာရှိကို အရှည်တွဲလို့၊**
**မှီဝဲဆည်းကပ် နည်းယူစေ။**
**သုံးပါးရတနာ မိဘများနှင့်၊**
**ဆရာသမားကို ပူဇော်လေ။**
**ချမ်းသာကိုပေး ဆက်ဆံရေး၊**
**မျှော်တွေး သုံးချက်ပေ၊**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့နဲ့ အရွယ်သုံးပါးစလုံး ဒီကဗျာလေးကို ဖတ်ဖူး၊ ကြားဖူးကြမှာပါ။ အမည်က "ဆက်ဆံရေးမင်္ဂလာကဗျာ" တဲ့။ ဆက်ဆံရေး မင်္ဂလာသုံးပါးကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ကဗျာအဖြစ် သီကုံး ဖွဲ့ဆိုခဲ့တာဖြစ်တယ်။ "၃၈- ဖြာ မင်္ဂလာသံပေါက်ကဗျာများ" လို့လည်းခေါ်တယ်။

အထူးထင်ရှားလူကြိုက်များတဲ့ ယဉ်ကျေးလိမ္မာကဗျာတွေပေ့ါကွယ်။

ဆက်ဆံရေးဆိုတာကတော့ လူမှုပတ်ဝန်းကျင်မှာ အသက်ရှင်နေသမျှကာလပတ်လုံး နေ့စဉ်ရှောင်လွှဲလို့မရတဲ့ ကိစ္စတစ်ခုပေ့ါ။ လူသားတို့ တစ်ဦးနဲ့တစ်ဦး၊ တစ်မိသားနဲ့ တစ်မိသား၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ကူးလူးယှက်နွယ် ဆက်ဆံနေကြရတာပဲလေ။

သားတို့၊ သမီးတို့၊ မောင်တို့၊ မယ်တို့ရဲ့ လူမှုပတ်ဝန်းကျင်မှာ နေ့စဉ်ထိတွေ့ဆက်ဆံ၊ ပြောဆို၊ ပေါင်းသင်း၊ နေထိုင်ရာမှာ လိုက်နာကျင့်သုံးနိုင်ကြဖို့ နည်းနာတွေကို သံပေါက်ကဗျာအဖြစ် သီကုံးဖွဲ့ဆိုထားတာဖြစ်တယ်။

မင်္ဂလာသံပေါက်ကဗျာ ၃၈- ဖြာလို့ခေါ်တဲ့ ၃၈- ဖြာမင်္ဂလာဖြစ်ဖို့အတွက် ဆက်ဆံရေးမင်္ဂလာ သုံးပါး၊ နေထိုင်ရေး မင်္ဂလာ သုံးပါး၊ သင်ကြားရေးမင်္ဂလာ လေးပါး၊ ပြုစုရေးမင်္ဂလာ သုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ စိတ်ထားရေးမင်္ဂလာ ငါးပါး၊ သည်းခံရေးမင်္ဂလာ လေးပါး၊ မြိုးခြံရေးမင်္ဂလာ လေးပါး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာလေးပါးတို့နဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ မြိုးခြံရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးဆိုတဲ့ လူမှုဘဝရှင်သန်ရေးမှာ အရေးပါတဲ့ အချက်ကြီး (၁၀) ချက်ပဲပေ့ါကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေ့ါ။

ပထမဆုံးဖော်ပြထားတဲ့ ဆက်ဆံရေးမင်္ဂလာကဗျာဟာ ဆက်ဆံရေးမင်္ဂလာသုံးပါးကနေ ဖြစ်ပေါ်လာရတာ။

ဆက်ဆံရေးမင်္ဂလာ သုံးပါး

၁။ အသေဝနာစ ဗာလာနံ
၂။ ပဏ္ဍိတာနဉ္စ သေဝနာ
၃။ ပူဇာစ ပူဇနေယျာနံ တို့ဖြစ်တယ်။

မြန်မာလိုအဓိပ္ပာယ်တွေကတော့ မှတ်သားရတာ ရှင်းလင်းလွယ်ကူတယ်။

နံပါတ်တစ်ဖြစ်တဲ့ "အသေဝနာစ ဗာလာနံ" ဆိုတာ လူမိုက်ကို မပေါင်းသင်းရလို့ခေါ်တယ်။ နံပါတ်နှစ်ဖြစ်တဲ့ "ပဏ္ဍိတာနဉ္စ သေဝနာ"ကတော့ ပညာရှိကို ပေါင်းသင်းရမယ်တဲ့။ နံပါတ်သုံးဖြစ်တဲ့ "ပူဇာစ ပူဇနေယျာနံ" ဆိုတာကတော့ ပူဇော်ထိုက်သူကို ပူဇော်ရမယ်လို့ အဓိပ္ပာယ်ရတာပေ့ါကွယ်။

သားတို့၊ သမီးတို့၊ မောင်တို့၊ မယ်တို့ လူငယ်လူရွယ်တွေအတွက်တင်မကဘဲ လူတိုင်းလူတိုင်း၊ အသက်အရွယ်မရွေး လိုက်နာကျင့်ကြံသင့်တဲ့ လူမှုဆက်ဆံရေးနည်းလမ်းကောင်းတွေပဲပေ့ါ။

လူမိုက်ကို မပေါင်းသင်းရ။
ပညာရှိကို ပေါင်းသင်းရမယ်။
ပူဇော်ထိုက်သူကို ပူဇော်ရမယ်။

မြန်မာလိုအဓိပ္ပာယ် အနှစ်ချုပ်ပါပဲ။ အသက်ရှင်နေသမျှ ကာလ ဘဝတစ်လျှောက်လုံး မှတ်သားထားရမှာ။

၃၈-ဖြာမင်္ဂလာကဗျာတွေကို ဖတ်မှတ်ကာကျင့်ကြံလိုက်နာလုပ်ဆောင်ကြမယ်ဆိုရင် သားတို့၊ သမီးတို့၊ မောင်တို့၊ မယ်တို့ဟာ ယဉ်ကျေးလိမ္မာတဲ့ သူတော်ကောင်းတွေဖြစ်လာမှာ ဧကံမုချပဲ ပေ့ါကွယ်။ ။

»»»စာမျက်နှာ ၂၀ မှ

တို့ငယ်ငယ်က... ဆရာတော် ဦးဗုတ်ရဲ့ ဆုံးမစာတစ်ပုဒ် ရဖူးတယ်"

**"ဥစ္စာလုပ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှာစွ၊ ဤခြောက်ပါးကား သောက်စားသေစာ အပြစ်တည်း ... တဲ့"**

"ကဲ ... ဆရာတော်ကြီး ပြောတာတွေ မမှန်ဘူးလား"

"မှန်တယ် ဘဘ"

"ဒီကြားထဲ မလုံအင်္ဂါဆိုတာလေ ဂွက်ထော်တို့များ တခွီးခွီးနဲ့ကို ပါးစပ်ကြီးပိတ်ပြီး ရယ်မောနေလိုက်တာ"

"အံမာ ... နင်တို့နှစ်ယောက်ကော တဟားဟားနဲ့လေ"

"ကဲ ... ဒီမှာကြည့်၊ ဒီလူမယ် လူ့ယဉ်ကျေးမှုဆိုတာတွေ ရှိသေးလို့လား"

"မရှိဘူး ဘဘ...၊ ဖင်ပေါ်ခေါင်းပေါ်နဲ့ဟာ၊ သူ့ပါးစပ်ကလည်း အယုတ္တအနတ္တတွေ ထွက်လိုက်လို့"

"အပြောအဆိုကကော ယဉ်ရဲ့ လား"

"မယဉ်ဘူး၊ ကြမ်းလိုက်ရမ်းလိုက်တာ၊ နို့ပေမယ့် ဒီလူဒုက္ခရောက်နေတော့ မင်းတို့က မနေရက်ဘူး၊ ကူညီသင့်တာကို ကူညီရမှာပဲ။ နို့ပေမယ့် ... ကိုယ့်များ ဒုက္ခပေးဦးမလားဆိုတာလည်း တစ်ဖက်က ငဲ့ရသေးတယ်။ သူ့ပါတဲ့ပစ္စည်း ဒီကလေးတွေယူတယ် ဘာတယ်နဲ့ပေ့ါကွာ၊ အဲ ... စိတ်ချရမယ်၊ မယူရဘူးဆိုရင်တော့ မင်းတို့က လူ့ယဉ်ကျေးလေးတွေဆိုတော့ ဒုက္ခသည်အများကို အကူအညီပေးခဲ့တာ လူ့တာဝန်တစ်ခု ဆောင်ရွက်ခဲ့ခြင်းလို့ ဆိုရမှာပဲပေ့ါ"

ကဲ ... နားကြသေးတာပေ့ါ။

■

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၈၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၄၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၉) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁ ဒသမ ၈၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၂၃,၈၁၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၈,၆၃၉) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၆,၀၉၆) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၃၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၁-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၀၂) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၈၂,၅၃၂) ဦးရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၇၃၇)ခု | (၄၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၉)ခု | (၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၃)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၆)ခု | (၂၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၀၀)ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၂)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၃၇၈)ခု | (၁၆၉)ဦး |
| စုစုပေါင်း | (၁၄,၄၂၃)ခု | (၂၅၉)ဦး |

### မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ

(၂၇-၅-၂၀၂၁ မှ ၂၀-၁၂-၂၀၂၁)




### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၀၅၉၆၆၇ | ၄၀၇၁၉၀၄၇ | ၈၂၈၈၃၆ |
| ၂။ | အိန္ဒိယ | ၃၄၇၅၂၁၆၄ | ၃၄၁၉၅၀၆၀ | ၄၇၈၀၀၇ |
| ၃။ | ဘရာဇီး | ၂၂၂၁၅၈၅၆ | ၂၁၄၁၄၃၁၈ | ၆၁၇၉၀၅ |
| ၄။ | ဗြိတိန် | ၁၁၄၅၃၁၂၁ | ၉၈၂၆၅၄၁ | ၁၄၇၂၆၁ |
| ၅။ | ရုရှား | ၁၀၂၆၇၇၁၉ | ၉၀၅၅၁၉၉ | ၂၉၉၂၄၉ |
| ၆။ | တူရကီ | ၉၁၈၉၈၈၁ | ၈၈၁၀၀၉၇ | ၈၀၅၉၁ |
| ၇။ | ပြင်သစ် | ၈၆၄၀၉၂၄ | ၇၅၅၃၇၈၇ | ၁၂၁၇၁၇ |
| ၈။ | ဂျာမနီ | ၆၈၃၄၄၄၆ | ၅၈၆၆၉၀၀ | ၁၀၉၂၄၃ |
| ၉။ | အီရန် | ၆၁၇၅၇၈၂ | ၆၀၁၂၆၉၅ | ၁၃၁၁၆၇ |
| ၁၀။ | စပိန် | ၅၅၃၅၂၃၁ | ၄၉၈၅၂၃၄ | ၈၈၇၉၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၀၈၉၃ | ၄၁၁၂၀၄၀ | ၁၄၄၀၂၄ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၇၇၃၀ | ၂၇၇၇၅၄၁ | ၅၀၇၉၄ |
| ၃။ | မလေးရှား | ၂၇၂၁၅၄၄ | ၂၆၃၈၁၉၁ | ၃၁၁၃၅ |
| ၄။ | ထိုင်း | ၂၁၉၆၅၂၉ | ၂၁၃၆၁၉၇ | ၂၁၄၄၀ |
| ၅။ | ဗီယက်နမ် | ၁၅၇၁၇၈၀ | ၁၁၆၀၀၉၀ | ၃၀၀၄၁ |
| ၆။ | မြန်မာ | ၅၂၈၆၃၉ | ၅၀၆၀၉၆ | ၁၉၂၃၀ |
| ၇။ | စင်ကာပူ | ၂၇၆၁၀၅ | ၂၇၁၇၅၃ | ၈၁၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၄၂၇ | ၁၁၆၈၁၅ | ၃၀၀၅ |
| ၉။ | လာအို | ၁၀၀၅၂၄ | ၈၈၁၂၅ | ၂၈၄ |
| ၁၀။ | ဘရူနိုင်း | ၁၅၄၁၈ | ၁၅၁၅၀ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ခင်ခင်ကြီးကို ဖြုန်းခနဲ အမှတ်မထင်တွေ့လိုက်ရတော့ ဥစ္စာစောင့်များ ကိုယ်ထင်ပြလိုက်သလားလို့ လန့်သွားတာပဲ" ဆိုသည်။

"အစ်ကိုထွန်းပြန်လာတာ သိပ်မိုးချုပ်တာပဲ"

ခင်ခင်ကြီးသည် စကားစရှာ၍ ပြောလိုက်ရလေသည်။ ကိုညိုထွန်းကို မမဝင်းရီခေါ်သည့်အတိုင်း "အစ်ကိုထွန်း" ဟုပင် ခင်ခင်ကြီးခေါ်သည်။

"ဟုတ်တယ်။ စကားကောင်းနေတာနဲ့။ အဝင်းတစ်ယောက်ကော။ အိပ်ပြီလား"

"အိပ်လို့ သိုးနေပြီ။ ခရီးပန်းလာတယ်မဟုတ်လား။

"ခင်ခင်ကြီးကကော၊ ဘာလို့မအိပ်သေးတာလဲ"

"အိပ်မပျော်နိုင်သေးလို့ပါ။ ပြီးတော့ ညကလည်း တစ်စထက်တစ်စ လှလှလာပြီ မဟုတ်လား။ အဲဒါကိုလည်း ကြည့်ချင်သေးတာနဲ့"

ကိုညိုထွန်းသည် ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။ "ပြီးတော့။ စဉ်းစားစရာတွေကလည်း ရှိနေသေးတယ်မဟုတ်လား" ခင်ခင်ကြီး စကားဆက်သည်။ ကိုညိုထွန်းက ထိုစကားကြောင့် ပြုံးလိုက်သည်။

ကိုညိုထွန်းသည် အိမ်အတွင်းသို့ တန်းတန်းမတ်မတ် မဝင်သေး။ သူသည် ခင်ခင်ကြီးပြောမှ ည၏အလှကို သတိပြုမိပုံရသည်။ နွားစာခွက်တစ်ဖက်စွန်းတွင် ဝင်ထိုင်လိုက်သည်။

"တို့များ အညာရဲ့အလှဟာ နေ့အခါမှာထက် ညအခါမှ ပိုပြီးနှစ်သက်စရာကောင်းတယ်။ ချောက်တို့ ရေနံချောင်းတို့နဲ့ ဒီကျောက်ပန်းတောင်းနဲ့တောင် မတူဘူး။ ဟိုနေရာတွေမှာကမှ ရှုခင်းက ရှုပ်သေးတယ်။ ဒီမှာတော့ ရှုခင်းကလည်း ရှင်းတယ်။ အနံ့အသက်နဲ့ အနေအထားကလည်း သင်းပြီး လှတယ်။ သဘာဝကိုက ဒီမှာပိုပြီးနှစ်ခြိုက်စရာကောင်းတယ်နော်"

ကိုညိုထွန်း၏စကားကြောင့် ခင်ခင်ကြီး ပြုံးသည်။

လသည် အတော်ချည်း မြင့်တက်နေပြီဖြစ်သည်။ လင်းလင်းထင်းထင်း တောက်ပနေသည်။ ထိုကြောင့် ခင်ခင်ကြီး၏အပြုံးကို ကိုညိုထွန်း မြင်တွေ့သွားသည်။

"ဘာပြုံးတာလဲ ညီမ"

ကိုညိုထွန်းက မလုံမလဲမေးသည်။

"ဩော်၊ အစ်ကိုထွန်းဆီက မမျှော်လင့်ဘဲ အခုလို စကားမျိုးကြားရလို့ပါ"

ခင်ခင်ကြီးသည် လဆီသို့ မော့ကြည့်လိုက်သည်။ ကိုညိုထွန်းကား ဘေးတစောင်းအနေအထားအရ မြင်နေရသော ခင်ခင်ကြီး၏မျက်နှာကို စူးစိုက်ကြည့်လျက်ရှိလေသည်။ လအရောင်ဖြင့် ခင်ခင်ကြီး၏ ပွယောင်းယောင်း ဆံပင်၊ ယင်းဆံပင်များအကြားမှ မျက်နှာကလေးလှလှ၊ နှာတံချွန်းချွန်းကလေးနှင့် နှုတ်ခမ်းဖူးဖူးကလေးများကို မြင်နေရသည်။ ထိုအခါ သူ၏အာရုံမှာ လှုပ်ရှားလာလေသလား ထင်သည်။ စင်စစ်တွင်လည်း ကိုညိုထွန်းအနေနှင့် မိန်းကလေးတစ်ယောက်၏အလှကို ယခုလို အမှတ်ထင်ထင် သတိထား၍ ကြည့်ရှုမိခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်လေသည်။

"ကိုယ်ကလည်း လူတစ်ယောက်ပဲ မဟုတ်လား ခင်ခင်ကြီးရယ်။ လှပမှုကိုမြတ်နိုးတာတို့၊ တွယ်တာတာတို့၊ ကြည့်မြင်တတ်တာတို့တော့ ရှိမှာပေါ့။ မဟုတ်လား"

ကိုညိုထွန်း ရယ်ရင်းမောရင်း စကားဆက်လိုက်ရသည်။ ခင်ခင်ကြီးက သူ့ဘက်သို့လှည့်ကြည့်သည်။ အကြည့်ချင်းဆုံရသည်။ ခင်ခင်ကြီး၏ မျက်ဝန်းများမှာ လအရောင်နှင့်ပြိုင်၍ ရွှန်းရွှန်းလက်လက်ဖြစ်နေသည်။

"ဒါကို ခင်ခင်ကြီး သဘောပေါက်ပါတယ် အစ်ကိုထွန်း။ အစ်ကိုထွန်းဆီက မကြားစဖူးကြားရလို့ ပြောမိတာပါ။ ဒါထက် အစ်ကိုထွန်း ကျောက်ပန်းတောင်းကနေ ထွက်သွားခဲ့တာကြာပြီနော်"

ခင်ခင်ကြီး၏အမေးကို ကိုညိုထွန်း ဦးစွာခေါင်းညိတ် အဖြေပေးသည်။ ပြီးမှ...

"ခင်ခင်ကြီးရဲ့ အသက်နဲ့အမျှရှိပြီလို့ ပြောလို့ရပါတယ်ကွယ် "

"ရှင်"

"ဟုတ်တယ် ခင်ခင်ကြီးရဲ့။ ကိုယ်မှတ်မိနေတာရှိတယ်။ ကိုယ့်အဖေများက ဒီမြို့မှာ အလုပ်အကိုင်မဟန်တာနဲ့ ရေနံချောင်းကို ပြောင်းခဲ့တယ်။

**ကိုညိုထွန်းကား ဘေးတစောင်း အနေအထားအရ မြင်နေရသော ခင်ခင်ကြီး၏မျက်နှာကို စူးစိုက်ကြည့်လျက်ရှိလေသည်။ လအရောင်ဖြင့် ခင်ခင်ကြီး၏ ပွယောင်းယောင်း ဆံပင်၊ ယင်းဆံပင်များအကြားမှ မျက်နှာကလေးလှလှ၊ နှာတံချွန်းချွန်းကလေးနှင့် နှုတ်ခမ်းဖူးဖူးကလေးများကို မြင်နေရသည်။ ထိုအခါ သူ၏အာရုံမှာ လှုပ်ရှားလာလေသလားထင်သည်။ စင်စစ်တွင်လည်း ကိုညိုထွန်းအနေနှင့် မိန်းကလေးတစ်ယောက်၏အလှကို ယခုလို အမှတ်ထင်ထင် သတိထား၍ ကြည့်ရှုမိခြင်းမှာ ပထမဆုံးအကြိမ် . . .**

ရေနံချောင်းကိုရောက်တော့ ကိုယ့်အဖေက အဘဦးသာကျော်နဲ့တွဲပြီး တွင်းတူးလုပ်တယ်။ ကိုယ်က ကြိုးဆွဲလုပ်ခဲ့တယ်။ ခင်ခင်ကြီးတို့ရဲ့ တွင်းတချို့ကို အဖေတို့ကိုယ်တို့ တူးပေးခဲ့ရတယ်။ အဲဒီလို တူးရင်းကနေ ကိုယ့်အဖေက တွင်းညပ်ပြီး အသက်ဆုံးရှုံးခဲ့ရတယ်"

"ခင်ကြီးတို့ရဲ့တွင်းကို တူးရင်းနဲ့ပဲလား"

"ဒါပေါ့"

"ဒါကို ခင်ကြီးမသိဘူး အစ်ကိုထွန်း။ စိတ်မကောင်းစရာပဲနော်"

ဒါတွေကို ဘယ်သိမလဲကွယ်။ မင်းက ငယ်သေးတာကိုး။ မှတ်မှတ်ရရ မင်းဟာ ကိုယ့်ထက် ဆယ့်သုံးနှစ်ငယ်တယ် ခင်ခင်ကြီး"

ခင်ခင်ကြီးသည် ကိုညိုထွန်း၏စကားကြောင့် အံ့သြသလိုဖြစ်သွားသည်။

"ဒါကို အစ်ကိုထွန်း ဘယ်လိုလုပ်သိသလဲဟင်"

"သိဆို။ တစ်နေ့ကိုယ်တို့ ရေနံ့သာကုမ္ပဏီက တွင်းတစ်တွင်းကို တူးနေကြတယ်။ အဲဒီအချိန်မှာ ဦးအောင်ခန့်ရောက်လာတယ်။ သမီးမိန်းကလေးဖွားတယ်ဆိုတဲ့အကြောင်း ပြောလာတယ်။ အဲဒီနေ့မှာပဲ တွင်းပေါက်ပြီး ရေနံအောင်ခဲ့တယ်။ အဲဒီတွင်းက ရေနံစရတဲ့နေ့စွဲကိုကြည့်ရင် ခင်ခင်ကြီး ဘယ်နေ့မှာ ဖွားတယ်ဆိုတာ သိနိုင်တာပေါ့။ ဒီတုန်းက ကိုယ့်အသက်ဟာ ဆယ့်သုံးနှစ်ပဲရှိသေးတယ်"

ကိုညိုထွန်းက မှတ်မှတ်ရရ တိတိကျကျ ပြောပြနိုင်စွမ်းရှိသည်ကို တွေ့ရသောအခါ ခင်ခင်ကြီး အံ့အားသင့်နေသည်။ စိတ်မှာ ဆန်းကြယ်သလို ခံစားနေရသည်။

ကိုညိုထွန်းက ရယ်သွမ်းသွေးလိုက်သည်။

"ပြောကြစတမ်းဆိုရင်တော့ မင်းကို ကိုယ်သိနေခဲ့တာ မင်း အမိဝမ်းကစပြီး ကျွတ်တဲ့နေ့ကတည်းကပဲလို့ ပြောရမယ်ထင်တယ်။ မွေးကင်းစအရွယ်ကတည်းက ခင်ခင်ကြီးဆိုတဲ့ မိန်းကလေးကို ကိုယ်သိခဲ့တာပါ။ ဒါပေမဲ့ ခင်ခင်ကြီးဆိုတာ ဘယ်သူရယ်လို့ တိတိကျကျ သိရတဲ့နေ့ကတော့ မကြာသေးပါဘူး။ အဲ ချောင်းနိမ့်မှာ ဆုံမိကြတဲ့ညကမှ စပြီးသိခဲ့ရတာပါ"

သည်အကြောင်းပါလာတော့လည်း ခင်ခင်ကြီး သက်ပြင်းရှိုက်ရသည်။ ကိုညိုထွန်း၏မျက်နှာကို မကြည့်ဝံ့သလို မျက်လွှာချရသည်။

"ကံဖယ်တယ်လို့ပဲ ပြောရမယ်ထင်ပါရဲ့။ အမှန်အတိုင်းဆိုရင် မင်းနဲ့ကိုယ်နဲ့ ဒီထက်စောပြီး ကြုံရဖို့ အကြောင်း ပေါ်ပေါက်လာခဲ့တယ်။ ကိုယ်အဖေဆုံးစတုန်းကဆိုရင် မင်းတို့ဖေဖေက ကိုယ့်ကိုမွေးစားမလိုလို ဘာလိုလို ပြောခဲ့တယ်။ ဒါပေမဲ့ ကိုယ့်အချိုးက လူတစ်ယောက်အနေနဲ့ မွေးစားချင်စရာကောင်းတဲ့ အချိုးမျိုး မဟုတ်ခဲ့ဘူး။ ဒါနဲ့ပဲ မမွေးစားဖြစ်တော့ဘူးဆိုပါတော့။ ဒီတုန်းကသာ မွေးစားဖြစ်ခဲ့ရင် မင်းနဲ့ ဒီထက်စောပြီး ကြုံဆုံခွင့်ရကြမှာ"

"အဲဒီတုန်းကသာ အစ်ကိုထွန်းကို ဖေဖေက မွေးစားဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲနော်"

ခင်ခင်ကြီးစကားကြောင့် ကိုညိုထွန်း ပြုံးရပြန်သည်။

"ဘာဖြစ်လို့လဲဟင်"

"ဩော်၊ အစ်ကိုထွန်းလို လူတစ်ယောက်ဟာ ခင်ချင်စရာကောင်းတယ်ဆိုတာ ခင်ကြီးတွေ့ခဲ့ရတယ်။ အစ်ကိုထွန်းသာ ဒီတုန်းက ခင်ကြီးတို့အိမ်ကို ရောက်လာခဲ့ရင် ခင်ကြီးအနေနဲ့ ကိုကိုနဲ့တန်းတူထားပြီး ခင်မိမှာပဲ အစ်ကိုထွန်း။ ဖေဖေက အစ်ကို့အချိုးကို မကြိုက်ဘူးဆိုတာ ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ၊ ကိုယ့်အဖေ တွင်းညပ်လို့ ဆုံးရတဲ့အတွက် မင်းတို့ဖေဖေမှာ ဘာမှမဖြစ်သလိုဘဲ။ လူ့အသက်တစ်ချောင်းလို့တောင်မှ အသိအမှတ်ပြုချင်ပုံမရဘူး။ ဒီမှာတင် ကိုယ်ကဝင်ပြီးပြောမိတယ်။ မင်းရဲ့ဖေဖေနဲ့ စကားများခဲ့ရတယ်။ ဒါနဲ့ပဲ မွေးစားဖို့အစီအစဉ် ပျက်သွားရတယ်။ ကိုယ့်အဖေဆုံးတဲ့အတွက် လျော်ကြေးတွေ ဘာတွေလည်း မင်းဖေဖေက ဟုတ်တိပတ်တိမပေးခဲ့ပါဘူး။ ဒါနဲ့ပဲ အဘဦးသာကျော်နဲ့ ကိုယ်တို့ မင်းအဖေဆီမှာ အလုပ်မလုပ်တော့ဘဲ ဘီအိုစီကို ပြောင်းခဲ့ကြတယ်"

ခင်ခင်ကြီးသည် ကိုညိုထွန်း၏စကားများကို ဆက်၍ မကြားနိုင်တော့သလိုရှိသည်။ ဖေဖေနှင့် ပတ်သက်၍ သည်စကားမျိုးကိုလည်း သည်တစ်ကြိမ်တွင်သာ ကြားရခြင်းဖြစ်သည်။

စင်စစ် ယင်းစကားစုတို့ကား ခင်ခင်ကြီးအတွက် ဆန်းကြယ်သလိုဖြစ်မနေ။ သူစိမ်းတစ်ရံစာအပေါ် ရက်စက်နိုင်စွမ်းသည်ဆိုခြင်းမှာ ဘာမျှလောက်သော ကိစ္စရပ်မဟုတ်။ သမီးအရင်းအပေါ် ပြုမူခဲ့သည်နှင့်စာပါက များစွာဖြေသာပေလိမ့်မည်ဟု ခင်ခင်ကြီးထင်သည်။

"မင်းဖေဖေနဲ့ပတ်သက်လို့ ကိုယ်တို့မှာ ကျေးဇူးတစ်ရပ်တော့ရှိတယ် ခင်ခင်ကြီး"

ကိုညိုထွန်းက စကားဆက်သည်။ ခင်ခင်ကြီးသည် ကိုညိုထွန်းစကားပြောအလာကို စောင့်မိသည်။

"အဲဒီ ကျေးဇူးတရားက ဘာလဲဆိုတော့ ကိုယ်တို့ဟာ ဘယ်အထိ အဖိနှိပ်ခံရတယ်ဆိုတာကို သိလာနိုင်တာပဲ။ အဲဒီဖိနှိပ်မှုကို ဘယ်လိုတုံ့ပြန်ရမယ်ဆိုတဲ့ အဖြေကို ရှာတတ်လာတာပါပဲ။ ဒီလိုနည်းနဲ့ ဘီအိုစီကိုရောက်တဲ့အခါ ဘီအိုစီရဲ့ ဖိနှိပ်မှုတွေကိုတိုက်ဖို့ သတိရလာကြတယ်။ မင့်အဖေကပေးခဲ့တဲ့အသိတွေပေါ့လေ"

"တော်ပါတော့ အစ်ကိုထွန်းရယ်"

ခင်ခင်ကြီးသည် ကိုညိုထွန်း၏ စကားများကို ဆက်လက်မကြားနိုင်တော့သလို ရှိသည်ဖြစ်၍ စကားမဆုံးမီ ဖြတ်၍ ပြောလိုက်မိသည်။

ကိုညိုထွန်းသည် ခင်ခင်ကြီးမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ သူ၏စကားများကြောင့် ခင်ခင်ကြီး စိတ်မချမ်းမြေ့ဖြစ်သွားရလေသလား အထင်ဖြင့် ကြည့်မိသော အကြည့်မျိုး။

"အစ်ကိုထွန်းတို့အနေနဲ့ ဖေဖေ့အပေါ် ဘယ်လောက်အထိ ဒေါသဖြစ်မယ်ဆိုတာ ခင်ခင်ကြီး ရိပ်မိပါတယ်၊ နားလည်ပါတယ်။ ဒါပေမဲ့ အစ်ကိုထွန်းရယ်"

"တော်ပြီကွယ်။ ကိုယ့်အနေနဲ့ ဘာပဲဖြစ်ဖြစ် ဖအေ့အကြောင်းကို သမီးရှေ့မှာ မပြောသင့်ဘူးဆိုတာ သိဖို့ကောင်းပါတယ်။ ကိုယ့်မှာ အမှားတွေရှိတယ်လေ။ အဲဒါကတော့ မချုပ်တည်းတတ်တဲ့ အမှားပေါ့။ ပြောစရာရှိရင် ခြွင်းချန်မထားဘဲ ပြောတတ်တဲ့ ဥဉ်ပေါ့"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အာဖရိကနိုင်ငံများဖလားသွားကစားမယ့် ကစားသမားသုံးဦးနေရာကို အစားထိုးခေါ်ယူမည်မဟုတ်ကြောင်း လီဗာပူးနည်းပြပြောကြား

လီဗာပူးအသင်းရဲ့ အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ မိုဟာမက် ဆာလာ၊ ဆာဒီယိုမာနေးနဲ့ နာဘီကီတာတို့ဟာ အာဖရိက နိုင်ငံများဖလားပြိုင်ပွဲကို နိုင်ငံကိုယ်စားပြုအသင်းတွေအတွက် သွားရောက်ကစားမှာဖြစ်ပေမယ့် အဲဒီ ကစားသမားသုံးဦးနေရာအတွက် ဇန်နဝါရီအပြောင်းအရွှေ့ ကာလအတွင်းမှာ အစားထိုး ကစားသမားခေါ်ယူသွားမှာမဟုတ်ဘူးလို့ လီဗာပူးအသင်း နည်းပြကလော့က ပြောကြားခဲ့ပါတယ်။



မိုဟာမက်ဆာလာ၊ ဆာဒီယိုမာနေးနဲ့ နာဘီကီတာတို့ဟာ အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနေပြီး မိုဟာမက်ဆာလာဟာ အီဂျစ်အသင်း၊ ဆာဒီယိုမာနေးနဲ့ နာဘီကီတာတို့ဟာ ဆီနီဂေါအသင်းတို့နဲ့အတူ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို သွားရောက်ကစားမှာလည်း ဖြစ်ပါတယ်။

အာဖရိက နိုင်ငံများဖလားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကင်မရွန်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်ပြီး အယ်လ်ဂျီရီးယားအသင်းဟာ လက်ရှိ အာဖရိကနိုင်ငံများဖလား ချန်ပီယံအသင်းလည်း ဖြစ်ပါတယ်။

အာဖရိက နိုင်ငံများဖလားပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်အတွင်းက ကိုဗစ်-၁၉ ရောဂါကြောင့် မကျင်းပခဲ့ပေမယ့် အယ်လ်ဂျီးရီးယားအသင်းဟာ ၂၀၁၉ ခုနှစ်အတွင်း နောက်ဆုံးဗိုလ်လုပွဲမှာ ဆီနီဂေါအသင်းကို အနိုင်ရပြီး ချန်ပီယံဖြစ်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲရဲ့ သွင်းဂိုးအများဆုံးကစားသမားဖြစ်ပြီး ဆာဒီယိုမာနေးဟာလည်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းဂိုးခုနစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းနဲ့အတူ အဲဒီလို စွမ်းဆောင်ရည်တွေရှိခဲ့ပေမယ့် အာဖရိကနိုင်ငံများဖလား ပြိုင်ပွဲသွားရောက်ကစားနေချိန်မှာ ဒီကစားသမားတွေရဲ့ နေရာမှာ အစားထိုးဖို့ ဘယ်ကစားသမားကိုမှ ခေါ်ယူသွားမှာမဟုတ်ဘူးလို့ နည်းပြကလော့က အတိအလင်းပြောကြားခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိ ပရီမီယာလိဂ်ပွဲစဉ် ၁၈ ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၄၁ မှတ်ရရှိထားပြီး အမှတ်ပေးဇယားထိပ်က မန်စီးတီးအသင်းနဲ့ သုံးမှတ်အကွာ အမှတ်ပေးဇယားအဆင့်(၂) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**❂ အောင်လအန်ဆန်မှ**

ထုတ်ပြန်မည်ဖြစ်သဖြင့် ၎င်း၏တွဲဆိုင်းမှာ ဖေဖော်ဝါရီ၊ မတ်လတွင် အစောဆုံးဖြစ်ဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ၂၀၂၁ ခုနှစ်တွင် နှစ်ပွဲထိုးသတ်ခဲ့ပြီး နှစ်ကုန်ပိုင်းတွင် ထိုးသတ်ရခြင်းမရှိဘဲ လာမည့်နှစ်မှသာ ပြန်လည်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ဧပြီလကုန်တွင် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ၊ ဇူလိုင်လကုန်တွင် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲတို့ ထိုးသတ်ခဲ့ပြီး လာမည့်နှစ်ဆန်းပိုင်းတွင် ထိုးသတ်မည့် ပြိုင်ဘက်ကစားသမားကို ထုတ်ပြန်ရာတွင် စိန်ခေါ်ပွဲ သို့မဟုတ် ချန်ပီယံလုပွဲ ထိုးသတ်ရမည်ဖြစ်ကြောင်းကိုပါ တစ်ပေါင်းတည်း ထုတ်ပြန်ဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံဆုများ လက်လွှတ်ခဲ့ရပြီးနောက်ပိုင်း မစ်ဒယ်ဝိတ်တန်းပွဲစဉ်များသာ ထိုးသတ်ရန် ဆုံးဖြတ်ထားသူဖြစ်ပြီး လာမည့်ပွဲတွင် ဒီရစ်ဒါနှင့် ထိုးသတ်ရပါက ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ရမည်ဖြစ်ပြီး ဂျပန်နိုင်ငံသား အိုကာမီ၊ ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်တို့နှင့် ထိုးသတ်ရပါက စိန်ခေါ်ပွဲအဖြစ်သာ ထိုးသတ်ရမည်ဖြစ်သည်။ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါသည် အောင်လအန်ဆန်ရရှိထားသည့် မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုနှစ်ခုစလုံးကို ရယူထားသူဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ် ဇူလိုင် ၃၀ ရက်က နောက်ဆုံးထိုးသတ်ထားသည့်ပွဲတွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုကို ပထမအချီတွင် အလဲထိုးအနိုင်ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ONE Championship**

# မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင် ထိုင်းလိဂ်-၂ ကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင်သည် ထိုင်းလိဂ်-၂ ကလပ်အသင်းဖြစ်သည့် Lamphun Warriors F.C. သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

မောင်မောင်လွင်သည် ဆူဇူကီးပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံသို့ တိုက်ရိုက်သွားရောက်ကာ စာချုပ်ကိစ္စအတွက် အပြီးသတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် Lamphun Warriors F.C. က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မောင်မောင်လွင်သည် ပထမဆုံးအကြိမ် ပြည်ပထွက်ကစားခြင်းဖြစ်ပြီး Lamphun Warriors အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းသည် ယခုရာသီမှ ထိုင်းလိဂ်-၂ သို့ တက်ရောက်လာခြင်းဖြစ်ပြီး ပထမအကျော့အပြီးတွင် အဆင့် ၄ နေရာ၌ ရပ်တည်နေသည်။ မောင်မောင်လွင်သည် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည့် မြန်မာအသင်းနှင့်အတူ ပေါ်ထွက်လာသူဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းတွင်လည်း တောက်လျှောက်ရွေးချယ်ခံခဲ့ရသည်။ မောင်မောင်လွင်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဟံသာဝတီအသင်းနှင့် စတင်ခဲ့ပြီး ၂၀၁၈ ရာသီတွင် ရန်ကုန်အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ပြီးခဲ့သည့်လပိုင်းက နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ယခုရာသီတွင် ထိုင်းကလပ်အသင်းများ၌ မြန်မာကစားသမားများ ပါဝင်ကစားလျက်ရှိပြီး ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်းတွင် အောင်သူ၊ ထိုင်းလိဂ်-၂ ကလပ် ဖရေးယူနိုက်တက်အသင်းတွင် ကျော်ကိုကို၊ ထိုင်းလိဂ်-၂ ကလပ် ထရတ်အသင်းတွင် ဇော်မင်းထွန်း၊ ထိုင်းလိဂ်-၃ ကလပ် ပတ္တရားအသင်းတွင် အောင်ကျော်နိုင်တို့ ပါဝင်ကစားလျက်ရှိသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ- Lamphun Warriors F.C.**




## အနုပညာ

# ယခုနှစ်အတွင်း ဂူဂဲလ်မှာ ရှာဖွေခံရဆုံးသော အာရှသားဖြစ်လာတဲ့ ဗွီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗွီဟာ ယခုနှစ်အတွင်း ဂူဂဲလ်မှာ အကြိမ်အများဆုံး ရှာဖွေခံရတဲ့ အာရှသား ကျော်ကြားသူတစ်ဦးဖြစ်ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဗွီအနေနဲ့ အာရှမှာ ကျော်ကြားသူတွေအနက် ဂူဂဲလ်မှာ အများဆုံးရှာဖွေခံရသူဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက်မှာ ဂူဂဲလ်က ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါစာရင်းရဲ့ ဒုတိယနေရာမှာ အခြားသော BTS အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုက ရပ်တည်နေပြီး ပွဲ့ခ်ဂျီမင်းကတော့ စတုတ္ထနေရာမှာ ရှိနေတာတွေ့ရပါတယ်။ အဆိုပါစာရင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၁၄ ရက်အတွင်း ဂူဂဲလ်ပေါ်မှာ ရှာဖွေခံခဲ့ရတဲ့ အကြိမ်အရေအတွက်ပေါ်မူတည်ကာ ထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# ဟန်နီလီ လက်ထပ်လိုက်ပြီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဟန်နီလီဟာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့လတွေအတွင်း ဟန်နီလီအနေနဲ့ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်သူတစ်ဦးနဲ့ ချစ်သူတွေဖြစ်နေကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ အတော်လေး လေးနက်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ ဒီဇင်ဘာ ၂၁ ရက်မှာ ဟန်နီလီရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသမီးအနေနဲ့ သူ့ရဲ့ချစ်သူနဲ့ ယနေ့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း၊ သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကို ဆိုးလ်မှာပင် အကျဉ်းချုံး ကျင်းပခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဟန်နီလီအနေနဲ့ လက်ထပ်ပြီးနောက်ပိုင်းမှာလည်း အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်မှာဖြစ်ပြီး ပရိသတ်တွေအနေနဲ့ သူ့ရဲ့ ပိုမိုရင့်ကျက်လာမယ့် အသွင်အပြင်ကို တွေ့မြင်ရမှာဖြစ်တယ်လို့လည်း အေဂျင်စီက ထည့်သွင်းဖော်ပြခဲ့ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပဲခူး PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



ဒီဇင်ဘာ ၁၃ ရက်တွင် ပဲခူးမြို့နယ် ထားဝယ်အင်းကျေးရွာ၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ဒီဇင်ဘာ ၁၂ ရက်တွင် ပဲခူးမြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပဲခူး PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ **ခန့်လင်းနိုင်(ခ)ကိုခန့်** (၁၉)နှစ်သည် ပဲခူးမြို့မှ ခရီးသည်တင်ယာဉ်လိုင်းဖြင့် မန္တလေးမြို့သို့ လိုက်ပါလာကြောင်း သိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က ပိတ်ဆို့ရှာဖွေခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၁၅၈)၌ **ခန့်လင်းနိုင်(ခ)ကိုခန့်**အား ဖမ်းဆီးရမိခဲ့သည်။

တရားခံ **ခန့်လင်းနိုင် (ခ) ကိုခန့်**၏ ထွက်ဆိုချက်အရ ပဲခူးမြို့တွင် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် **မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ** (၂၅)နှစ်၊ **ပြည့်ဖြိုးအောင်(ခ)ကိုပြည့်** (၂၂)နှစ်၊ **ဇင်ဝင်းထွန်း** (၂၅)နှစ်နှင့် **အောင်ဇာထွန်း** (၄၁) နှစ်တို့ လေးဦးကို ပဲခူးမြို့ ရပ်ကွက်ကြီး(၆)ရှိ အဆောင်၌ ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၀ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ ယမ်းထုပ်လေးထုပ်၊ ဖုန်းမျိုးစုံ ခုနစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ✻

## တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ဖြင့် လိုက်ပါမည့် ခရီးသည် အမျိုးသမီးတစ်ဦးထံမှ အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနေတာ ၉၈ ခု သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပါဝင်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ထံမှ ဒီတိုနေတာ အခု ၁၀၀၀ ထပ်မံဖော်ထုတ် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်ဖြင့် လိုက်ပါမည့် ခရီးသည် အမျိုးသမီးတစ်ဦးထံမှ အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနေတာ ၉၈ ခု သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပါဝင်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ထံမှ ဒီတိုနေတာ အခု ၁၀၀၀ ထပ်မံဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီ ၂၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် အမှတ်(၁)ထွက်ခွာ X-Ray စက်၌ တာဝန်ကျတပ်ဖွဲ့ဝင်များက ခရီးသည်များကို ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် လေယာဉ်အမျိုးအစား ART-72၊ ခရီးစဉ်အမှတ် K7-771 ဖြင့် မန္တလေးမြို့မှ ခန္တီးမြို့သို့ လိုက်ပါမည့် ခရီးသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေကျေးရွာနေ မမိုးမြင့်လှိုင်(၂၀) နှစ် (ဘ) ဦးဟွန်းထိုက်၏ ဂျပ်ဖာဘူးအတွင်းမှ ဖလူဇာဆေးကတ်များဖြင့် ရောနှောသယ်ဆောင်လာသည့် (SOD- Special Ordinary Detonator) တံဆိပ်ပါဘူးအတွင်းမှ အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနီတာ ၉၈ ခုကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❖



## အောင်လအန်ဆန်၏ ပြိုင်ဘက်ကို လာမည့်နှစ်ဆန်းပိုင်း အတည်ပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာ MMA ကစားသမား အောင်လအန်ဆန် ထပ်မံထိုးသတ်ရမည့် ပြိုင်ဘက်ကစားသမားကို လာမည့်နှစ်ဆန်းပိုင်းတွင် အတည်ပြုသွားမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ဒီဇင်ဘာ ၂၁ ရက်တွင် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ဘက်ကစားသမားကို ၂၀၂၂ နှစ်ဆန်းပိုင်းတွင် ထုတ်ပြန်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ဇူလိုင်လကုန်ပိုင်းတွင် ပြိုင်ပွဲထိုးသတ်ပြီးကတည်းက MMA ပွဲစဉ်များနှင့် ဝေးကွာနေသူဖြစ်ပြီး ပြိုင်ဘက်ကစားသမားကို နှစ်ဆန်းပိုင်းတွင် **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❂

### ကြေးမုံ ယနေ့ ဖတ်စရာ

**ရေဦးမြို့နယ် ရေမြက်ကျေးရွာအတွင်း အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်**

စာမျက်နှာ » ၁၅

**ယဉ်ကျေးလိမ္မာ စာပဒေသာ**

စာမျက်နှာ » ၂၀၊ ၂၁




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၃